ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957

## မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 February 2026 ၁၂၀၉၀

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကျင်းပ

## ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား ၂၃၀ ကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့်ပေးနိုင်တော့မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy (ဘွဲ့နှင်းသဘင်ခန်းမ)ဘက်စုံသုံးခန်းမဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



### အမွှေးနံ့သာရည်များ ပက်ဖျန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

## ယနေ့ ဖတ်စရာ

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ**
စာမျက်နှာ » ၇

**နိုင်ငံတကာအထိ ထိုးဖောက်ပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် MSME ပြပွဲတွေမှာ ပြသခြင်းဖြင့် စီးပွားရေး ချိတ်ဆက်ရေး ကော်မတီတွေကတစ်ဆင့် နိုင်ငံတကာ သံရုံးတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ခွင့်ရတယ်**
စာမျက်နှာ » ၉

**တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏ စုစည်းမှုခွန်အားဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောစေအံ့**
ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက် ကြိုးပမ်းဆောင်ရွက်မှုအသိအမှတ်ပြု

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ နိုင်ငံတော်တစ်ဝန်းအတွင်းရှိ မြို့နယ် ၂၆၃ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးအတွက် အဓိကတာဝန်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအားလုံး၊ သက်ဆိုင်ရာမြို့နယ်အလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအားလုံးကို အသိအမှတ်ပြုကြရမည်ဖြစ်သလို ရွေးကောက်ပွဲများ၌ တက်တက်ကြွကြွ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများအားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၉ ရက်နေ့က ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် “ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ပါဝင်မဲပေးခဲ့ကြသည့် ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာ ပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆန္ဒမဲပေးခွင့်ရှိသူ လူဦးရေ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိသဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့သည်။ နိုင်ငံတကာရွေးကောက်ပွဲများနှင့်ပတ်သက်၍ ထုတ်ပြန်ထားသောစာရင်းများအရ ၂၀၂၅ ခုနှစ်နှင့် အနီးဆုံးကာလများတွင် အထွေထွေရွေးကောက်ပွဲများကို နိုင်ငံပေါင်း ၁၉၉ နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့်အနက် နိုင်ငံ ၅၀ တွင် မဲပေးမှုရာခိုင်နှုန်း ၅၄ ရာခိုင်နှုန်းထက် နည်းပါးနေသည်ကို တွေ့ရသည်။ ယင်းတို့တွင် ပြင်သစ်၊ အယ်လ်ဂျီးရီးယား၊ ဘူလ်ဂေးရီးယား၊ အီဂျစ်၊ ခရိုအေးရှား၊ ဂျမေကာ၊ ဂျပန်စသည့် ဒီမိုကရေစီထွန်းကားပြီး နိုင်ငံများလည်း ပါဝင်သည်ကိုတွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ယခုကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲဟု ဆိုနိုင်သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် အဓိကရည်မှန်းချက်ဖြင့် နိုင်ငံတော်ကို တာဝန်ယူခဲ့ခြင်းဖြစ်သည်။ ယခုကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပပြုလုပ်ပေးနိုင်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံတော်အနေဖြင့် ငွေကြေးကုန်ကျမှု များစွာရှိသော်လည်း ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ကျင်းပပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ငွေကုန်ကြေးကျမှုများကို သက်သာစေသကဲ့သို့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ်၍ မကြာမီကာလတွင် ပြည်သူများမျှော်လင့်နေသော ဒီမိုကရေစီအခင်းအကျင်းသစ်ကို စတင်ဖော်ဆောင်တော့မည်ဖြစ်သည်။ လာမည့်မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးများကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာလွှတ်တော် အဆောက်အအုံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးစသည့် အဘက်ဘက်မှ လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများလိုလားသည့်၊ ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ အကောင်အထည်ပေါ်လာရန်အတွက် နိုင်ငံတော်အစိုးရက မွန်မြတ်သည့်စေတနာဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိအစိုးရ၏ လုပ်ဆောင်ချက်မှတ်တမ်းများကို စနစ်တကျ ပြုစုဆောင်ရွက်ထားရန် နိုင်ငံတော်အကြီးအကဲ၏ တိုက်တွန်းချက်နှင့်အညီ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအလိုက် အချက်အလက်များ မှန်မှန်ကန်ကန် စနစ်တကျ မှတ်တမ်းတင်ပြုစုထားပြီး ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သစ်အား မှန်ကန်သည့် အချက်များနှင့် နိုင်ငံတော်၏တာဝန်များကို ချောချောမွေ့မွေ့ ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါကြောင်း။ ။




## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၂ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၄၀၀ | ၁၉၃ | ၁,၆၀၉,၄၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၀၀ | ၁,၅၈၆ | ၆,၁၈၅,၄၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁ | ၈,၂၀၀ |
| FPB | ၂,၉၀၀ | ၂,၈၅၀ | ၁၈၈ | ၅၄၀,၂၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၃၄၆ | ၁,၀၀၃,၄၅၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁၀,၉၆၂ | ၁၇,၅၄၂,၃၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၁၀ | ၃၉,၄၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁,၅၄၀ | ၄,၇၀၄,၀၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၁၂ | ၃၁,၈၀၀ |
| ASPGB(PLB) | ၃၃,၀၀၀ | ၃၃,၀၀၀ | ၃ | ၉၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် Naypyitaw State Academy သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချပွဲတွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံး ခန်းမ)ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ပုံစံငယ်အား ကြည့်ရှုစဉ်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ Naypyitaw State Academy မှ ကျောင်းသူလေးများက Naypyitaw State Academy သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း Documentary အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ မြို့တော်နေပြည်တော်တွင် ပြည်ထောင်စုအဆင့် အဆောက်အအုံများ၊ ခေတ်မီမြို့ပြနေထိုင်မှုစနစ်များ၊ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကဲ့သို့ အဆင့်မြင့်တက္ကသိုလ်များတည်ရှိနေမှုသည် နေပြည်တော်၏ ဂုဏ်ကျက်သရေကို တင့်တယ်ခမ်းနားစေသည့်အပြင် ခေတ်မီပညာရပ်များ သင်ကြားပို့ချရာ ပညာရေးမြို့တော်အဖြစ်လည်း ပုံဖော်ဖန်တီးပေးလျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်နိုင်ရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထိုသို့သော ရည်မှန်းချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် တည်ထောင် ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုတက္ကသိုလ်ကြီးသည် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး၊ ဥပဒေပညာ၊ ဆေးပညာ၊ လူမှုရေးပညာ၊သံတမန်ရေးရာ၊ အားကစား အစရှိသည့် ဘာသာရပ် နယ်ပယ်စုံလင်စွာဖြင့် ဘက်စုံပညာများကို သင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပညာရပ်ပေါင်းစုံလေ့လာ သင်ယူနိုင်မည့် Comprehensive University လည်းဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် ဦးမျိုးသန့်တို့ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

Naypyitaw State Academy သည် နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များမွေးထုတ်ပေးနိုင်မည့် ဦးဆောင်တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ **“ပညာဝေအဓိပတိ”**ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာကိုအထွတ်အမြတ်ထား ဦးထိပ်ပန်ဆင်ပြီး ပညာအမွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ပါကြောင်း။

ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာ ရှိခဲ့ကြောင်း၊ ယခုဆိုပါက နေပြည်တော်အပါအဝင် တစ်နိုင်ငံလုံးက ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများအနေဖြင့် ရှိပြီးသားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှသာမက Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့တွင် အဆင့်မြင့်ပညာများကို အဆင်ပြေ ချောမွေ့စွာ လက်လှမ်းမီ သင်ယူနိုင်ကြပြီဖြစ်ပါကြောင်း။

ယနေ့တွင် ထိုကဲ့သို့သော အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး ပညာပြည့်ဝ နှလုံးလှသည့် ဘွဲ့ရပညာတတ် နိုင်ငံ့သားကောင်း ရတနာမွန်များ မွေးထုတ်ပေးရာ Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏ အောင်မြင်မှု မှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခု ပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့်နေရာမွန်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာကြီးမြတ်မှု၊ ပညာဂုဏ်သတင်းကျော်ဇောမှု၊ သမိုင်းအစဉ်အလာ ကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့် ဗိမာန်တစ်ခုလည်းဖြစ်ကြောင်း။

ယခု ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ ဒီဇိုင်းများကို မဲစနစ်ဖြင့် ကျောင်းသား ကျောင်းသူများကိုယ်တိုင် ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှု မဲအများဆုံးရရှိသည့် ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော ဆောင်ရွက်မှုများမှတစ်ဆင့် လူငယ်များ၏ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးကြရန်နှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်ပေးကြစေလိုကြောင်း၊ ယခုဆိုပါက ယခု ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား ၂၃၀ကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့် ပေးနိုင်တော့မည်ဖြစ်သည့် အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များအပေါ်တွင် အဓိကမူတည်ပါကြောင်း၊ လူငယ်များကို ပညာအမြော်အမြင်ရှိအောင်၊ ယုံကြည်ချက် ခံယူချက် မှန်ကန်အောင်၊ စိတ်ဓာတ်ကောင်းမွန်ပြီး အများအကျိုး သယ်ပိုးတတ်အောင် လေ့ကျင့်ပေးနိုင်မှသာ ငြိမ်းချမ်းသာယာသည့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အသိပညာ၊ ကျွမ်းကျင်မှု၊ ကျင့်ဝတ်တို့နှင့် ပြည့်စုံပြီး အရည်အချင်းရှိသည့် ဘွဲ့ရပညာတတ်များ အရေအတွက်များစွာ မွေးထုတ်ပေးရန်လိုကြောင်း။

ပညာဟူသည်မှာ လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များ မြင့်မားတိုးတက်စေနိုင်သည် ဖြစ်သဖြင့် နိုင်ငံ့အတွက်အရေးပါပြီး တန်ဖိုးကြီးမားသည့် အခြေခံအရည်အချင်းဖြစ်ပါကြောင်း၊ ပညာသင်ယူမှုကတစ်ဆင့် ရရှိလာသည့် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီးတွင် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်ဟူသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြု သုတေသနများအစပြု ဖော်ဆောင်ရာနေရာလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု စသည့်ကဏ္ဍများ တိုးတက် ကောင်းမွန်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး အတွက် တက္ကသိုလ်များသည် အဓိက အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း။

ထို့ကြောင့် Naypyitaw State Academy ကို စတင်ဖွင့်လှစ်ခဲ့ချိန်မှစပြီး သုံးနှစ်ကျော်ကာလအတွင်း၌ ကျောင်းသားဗဟိုပြု သင်ကြား၊ သင်ယူမှုစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ ရည်ညွှန်းစာအုပ်များကို ပြည့်စုံစွာဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်များဖြင့် ပြည့်စုံအောင် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ အပန်းဖြေရိပ်သာ၊ အားကစားကွင်း၊ ဆရာ ဆရာမဆောင်များ၊ ဝန်ထမ်းအိမ်ရာများ စသည်တို့ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ပရိဝုဏ် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များကိုလည်း စိုက်ပျိုးပေးထားပြီး ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို သင်ယူလေ့လာရင်း တက္ကသိုလ်ကျောင်းသားဘဝ University Life ကို အေးချမ်းပျော်ရွှင်စွာ ခံစားစေနိုင်စေရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

Naypyitaw State Academy တွင် အရည်အသွေးပြည့်ဝသည့် တက္ကသိုလ် ပညာရပ်များကို ဆည်းပူးခွင့်ရစေရေး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာန၊ အားကစားပညာ မဟာဌာန ဟူသည့် မဟာဌာနကြီး ခုနစ်ခုနှင့် ဘွဲ့ကြိုသင်တန်းများ၊ မဟာ အရည်အချင်းစစ် သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ စတင်ဖွင့်လှစ်စဉ်က အထူးပြုဘာသာရပ် ၁၂ ခုကို စတင်လက်ခံသင်ကြားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် လူငယ်များ၏ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်ဓာတုဗေဒ၊ ဈေးကွက်လီးယားရူပဗေဒ စသည့်ဘာသာရပ်များ၊ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ၊ လူမှုရေးပညာ၊ စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်များ၊ ကမ္ဘာ့အလယ်တွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်မည့် သံတမန်ရေးရာ စသည့်ဘာသာရပ်များ အပါအဝင် အထူးပြုဘာသာရပ် ၂၄ ခုအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အထူးပြုဘာသာရပ်များကို တိုးချဲ့သင်ကြားရုံသာမက တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သည့် သုတေသနများကိုလည်း ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သုတေသနဆောင်ရွက်ခြင်းသည် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးနှင့် သုတေသနအထောက်အထား အခြေပြုမူဝါဒများ ချမှတ်ရေးတို့အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

Naypyitaw State Academy အနေဖြင့် ပညာရှင်များ၏ သုတေသနရပ်ဝန်း တစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေး သုတေသနစာတမ်းဖတ်ပွဲများ၊ ကျောင်းသားလူငယ်များ၏ သုတေသနပရောဂျက်များကို အားပေးမြှင့်တင်ပေးနေသည့်အပြင် လူငယ်များ အတွေးအခေါ်မြင့်မားပြီး စွမ်းရည်ပြည့်ဝစေရန် လူငယ်စကားဝိုင်းများ၊ ပြပွဲပြိုင်ပွဲများ၊ လုပ်ငန်းခွင် လက်တွေ့လေ့လာရေး အစီအစဉ်များ၊ အလုပ်အကိုင် အခွင့်အလမ်းပြပွဲနှင့် ဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ကျောင်းသားများကို ဘွဲ့ဒီဂရီတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပြည့်စုံကောင်းမွန်သည့် လူနေမှုဘဝကို တည်ဆောက်နိုင်ရေး တက္ကသိုလ်နှင့် Industry တို့၏ မိတ်ဖက်ချိတ်ဆက်မှုတစ်ခုဖြစ်ပါကြောင်း။

တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရေးဟူသည်မှာ စီမံခန့်ခွဲသူများ၏ မှန်ကန်ထိရောက်သည့် ဦးဆောင်မှု၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားမှုနှင့် ကြိုးစားအားထုတ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားမှုများ အပေါ် အများကြီးတည်မှီနေကြောင်း၊ ထို့ကြောင့် Naypyitaw State Academy ၏ ခံ့ညားထည်ဝါသည့် ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ပြီး နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာ့အဆင့်မီ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊

စာမျက်နှာ ၅ သို့☆

- **ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏ အောင်မြင်မှု မှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခု ပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့် နေရာမွန်ဖြစ်**
- **တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာကြီးမြတ်မှု ပညာဂုဏ်သတင်းကျော်ဇောမှု၊ သမိုင်းအစဉ်အလာကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့်ဗိမာန်တစ်ခုလည်းဖြစ်**
- **ယခုဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံဒီဇိုင်းများကို မဲစနစ်ဖြင့် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှု မဲအများဆုံးရရှိသည့်ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်**

☆ စာမျက်နှာ ၄ မှ

ကျောင်းသားများကို အသိပညာ၊ အတတ်ပညာ၊ ကျင့်ဝတ်သိက္ခာ ပြည့်စုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသည့်၊ စိတ်ဓာတ်မြင့်မားသည့်၊ စည်းကမ်းပြည့်ဝသည့်၊ အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် နိုင်ငံကို ဦးဆောင်မည့် ဘွဲ့ရပညာတတ်များကို မွေးထုတ်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ယခုကဲ့သို့ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးနိုင်သည့် အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ်နှစ်ဆက် ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများ ဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ်လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)အား လွှဲပြောင်းပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ အနုပညာဦးစီးဌာနမှ တေးသံရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ Naypyitaw State Academy မှ ကျောင်းသားကျောင်းသူများက တေးသီချင်းများ၊ သရုပ်ဖော်များ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ Naypyitaw State Academy (ဘွဲ့နှင်းသဘင်ခန်းမ) ဘက်စုံသုံးခန်းမ အဆောက်အအုံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့် အညီ တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး အလျား ၃၀၂ ပေ၊ အနံ ၂၁၈ ပေရှိကာ စုစုပေါင်းစတုရန်းပေ ၁၆၇၀၀၀ ကျော်ရှိ သုံးထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း၊ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပနိုင်ရန်သာမက အခြားသောအခမ်းအနားများနှင့် ဖျော်ဖြေတင်ဆက်မှုများ ကျင်းပဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူဦးရေ ၁၂၀၄ ဦးဆံ့ ဘက်စုံသုံးခန်းမကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ်နှစ်ဆက် ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများ ဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်**

❖ **မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ်လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြု**

## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လူမှုကာကွယ် စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး အဓိကလုပ်ငန်းစဉ် (၈)ရပ် ပါဝင်ကြောင်း၊ လက်ရှိတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT)၊ လူမှုရေးပင်စင် အစီအစဉ်နှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင် Mobile Pay (Electronic Cash Transfer–ECT) နည်းလမ်းဖြင့် ပြောင်းလဲ၍ ထောက်ပံ့နိုင်ရန် စီစဉ်လျက်ရှိကြောင်း။

ထို့ပြင် ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုများ၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲအကျပ်အတည်းများကို စီမံဖြေရှင်းနိုင်ရေးအတွက် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်၊ အသက် (၅) နှစ်အောက်ကလေး၊ အသက် (၇၀) နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်နှင့် မသန်စွမ်းသူများကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပြီး ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သဖြင့် တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားရမည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ရှိ ပြခန်းများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကိုနေပြည်တော် ရင်ပြင်၌ ကျင်းပပြုလုပ်လျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်း ပြသထားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ပြည်ပဈေးကွက်ချိတ်ဆက် ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ပြည်တွင်း ဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်း အဖွဲ့ပြခန်း၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ ပြခန်း များအတွင်း MSME ကုန်ထုတ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည့် လုပ်ငန်းရှင်များ၏ ပြည်တွင်း ပြည်ပဈေးကွက်ရရှိရေး တွေ့ဆုံ ဆွေးနွေးချိတ်ဆက် ဆောင်ရွက် နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုဝန်ကြီးဌာန ပြခန်း များနှင့် အရောင်းပြခန်း တစ်ခု ချင်းစီအလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှု လေ့လာခဲ့ကြပြီး ပြခန်းတာဝန်ခံ များ၏ ရှင်းလင်းတင်ပြမှုများ အပေါ် သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင် ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီး ချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိ ကြီးများ၊ နေပြည်တော် တိုင်းစစ် ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူ များကလည်းလိုက်ပါ၍ ပြခန်းများ အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ရှိ ပြခန်းများအား ကြည့်ရှုအားပေးစဉ်။

# နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရင်ပြင်၌ ကျင်းပ သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွား ချိတ်ဆက် (Business Matching) ပြခန်း တွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ကို လုပ်ငန်းစတင်တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ သည်။

ပြပွဲကာလအတွင်း MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာန တွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများတွင် တင်သွင်း၊ တင်ပို့မှုဆိုင်ရာထောက်ခံချက် ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေး သည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့၊ MSME စီးပွားရေး လုပ်ငန်း ရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ၊ လက်ကားဆိုင်များ ဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်း များ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME



စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင် ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်ရာ တွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန် များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေး အတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန် ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေး သည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

**ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့**

ပြပွဲ တတိယမြောက်နေ့တွင်ဝန်ကြီး ဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၉၀၊ ပြည်တွင်း ဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား ၁၁ ဆိုင်နှင့်တွေ့ဆုံ သည့် လုပ်ငန်းရှင် ၅၉ ဦး၊ ရင်းနှီးမတည် ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၄ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်း အဖွဲ့မှ လုပ်ငန်းရှင်ခုနစ်ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသည်။**

"ပြပွဲကို သူငယ်ချင်းတွေနဲ့အတူ ဒုတိယအကြိမ် လာရောက်တာပါ။ ပြပွဲမှာရောင်းချတဲ့ ပစ္စည်းတွေရဲ့ ဈေးနှုန်းက အပြင်ကထက် ပိုပြီး သက်သာပါတယ်။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ ရိုးရာအစားအစာတွေ ဝယ်ဖြစ်ပါတယ်။ ဒေသအစုံက လာရောက်ပြသတဲ့ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာခွင့်ရတယ်။ ဒီမှာ လေ့လာပြီး သတိထားမိတာက မြန်မာ့ထုတ်ကုန်တွေက အရင်လို သမားရိုးကျ မဟုတ်တော့ဘူး။ ဝယ်ယူသူကို ဝယ်ချင်အောင် အရည်အသွေးပိုင်း၊ ထုပ်ပိုးမှုအပိုင်း အားလုံးကို အဆင့်မြှင့်တင်လာကြတာကို တွေ့ရပါတယ်"ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ မအေးမြတ်သွယ်က ပြောသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အတွက် ပြပွဲတတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**ပြခန်းပေါင်း ၁၂၀ ကျော်**

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် ပြခန်းပေါင်း ၁၂၀ ကျော်တွင် အသေးစားစက်မှု လက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ ပါဝင်သည့်အပြင် ပြည်တွင်းစွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ MSME ထုတ်ကုန်များအတွက် နည်းပညာ အထောက်အကူပြုပြခန်းများလည်း ပါဝင်သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာရက်ကန်းတွေရဲ့ အရည်အသွေးမြှင့်တင်နိုင်ဖို့ ဆိုးဆေးနဲ့ပတ်သက်တာတွေ အထောက်အပံ့ပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ အဓိကတော့ သမားရိုးကျ လက်နဲ့ဆိုးဆေးဆိုးတာထက် အရည်အသွေးပိုကောင်းအောင်နည်းပညာနဲ့ စက်ကိရိယာအသုံးပြုနိုင်အောင်၊ လူနဲ့ပတ်ဝန်းကျင်ကို မထိခိုက်တဲ့ အရည်အသွေးကောင်းတဲ့ဆိုးဆေးတွေ သုံးအောင်၊ အသုံးပြုပြီးသား ဆိုးဆေးရည်တွေကို စနစ်တကျစွန့်ပစ်အောင် ဆောင်ရွက်နေပါတယ်။ ပထမဆုံးအကြိမ် ပါဝင်ပြသတာဖြစ်ပေမယ့် ထိရောက်မှုရှိတဲ့ ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကနေတစ်ဆင့် ရိုးရာချည်ထည်လုပ်ငန်းတွေ တွေ့ဆုံပြီး ဆွေးနွေးဖြစ်ကြတယ်။ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ ကျွန်တော်တို့လုပ်ငန်းမှာ အများစုက ဆိုးဆေးကို ပြည်ပဆိုးဆေးအသုံးပြုတာ ဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေ အဆင်ပြေအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူတွေက လမ်းညွှန်ပူးပေါင်းပြီး ကူညီပေးစေလိုပါတယ်။ အခုပြပွဲမှာ ကျွန်တော်တို့ လုပ်ငန်းရှင်တွေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့လည်း ပွင့်ပွင့်လင်းလင်း နီးနီးကပ်ကပ် တိုင်ပင်ခွင့်ရရှိပါတယ်။ သက်ဆိုင်ရာဌာန တာဝန်ရှိသူတွေကလည်း လိုက်လိုက်လှဲလှဲ ကူညီဆောင်ရွက်ပေးကြတဲ့အတွက် အားတက်ရပါတယ်။ ဒါကြောင့် တခြားလုပ်ငန်းရှင်တွေကိုလည်း လာမယ့်နှစ်မှာ ပါဝင်ပြသဖို့ အကြံပေးချင်ပါတယ်"ဟု မန်းဇေယျာအောင် ကုမ္ပဏီလီမိတက်မှ မန်းနေဂျင်းဒါရိုက်တာ ဦးမျိုးမင်းထက်က ပြောသည်။

ထိုကဲ့သို့ ပြခန်းများအလိုက် ခင်းကျင်းပြသထားသည့် ဒေသအလိုက်ထွက်ရှိသော တိုင်းရင်းသားရိုးရာအစားအစာများ၊ One Region One Product ထုတ်ကုန်များ အပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များ အကြောင်းကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာ ပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

"ကိုယ့်ဒေသက ထုတ်ကုန်တွေကို ပြည်သူတွေဆီကို တိုက်ရိုက်ရောင်းချခွင့်ရသလို တိုက်ရိုက်ထိတွေ့ပြီး ကြော်ငြာခွင့်ရတဲ့ပြပွဲပါ။ လုပ်ငန်းရှင်တွေအတွက် အများကြီး အကျိုးပြုပါတယ်။ ဒီလိုအကျိုးကျေးဇူးတွေ ရရှိအောင် နိုင်ငံတော်အကြီးအကဲတွေက MSME လုပ်ငန်းတွေကို ဦးစားပေးအားပေးတယ်၊ မြှင့်တင်ပေးတယ်၊ အချိတ်အဆက်ပေးပြီး ဈေးကွက်ရရှိအောင် ကြိုးပမ်းပေးတဲ့အတွက် လုပ်ငန်းရှင်တွေကလည်း ပြပွဲကို အားတက်သရော ပူးပေါင်းပါဝင်ကြတယ်။ ပြခန်းမှာ ဒေသထွက် ကုန်ကြမ်းအရင်းအမြစ်တွေကို ကုန်ချောအဖြစ် ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို ခင်းကျင်းပြသထားတယ်။ ဒေသအရင်းအမြစ် ဆန်စပါး၊ ရော်ဘာ၊ ကော်ဖီ၊ OROP ထုတ်ကုန်တွေ၊ အိမ်တွင်းလုပ်ငန်းတွေက ထုတ်လုပ်တဲ့ ဒေသအစားအသောက်တွေ၊ သစ်မွှေးနဲ့ စက်မှုထုတ်ကုန်ပစ္စည်းတွေ၊ ပြည်နယ်စက်မှုဇုန်မှာ တပ်ဆင်ပြီး မြန်မာတစ်နိုင်ငံလုံး တပ်ဆင်ဖြန့်ဝေနေတဲ့ BAJA အမှတ်တံဆိပ် သုံးဘီးနဲ့မော်တော်ယာဉ်တွေ၊ အော်ဂဲနစ်မြေဩဇာနဲ့ ဥစားကြက်တွေအတွက် ကယ်ဆီယမ် အားဖြည့်ကြက်စာတွေလည်း ပါဝင်ပြသထားပါတယ်။ ဒါ့အပြင် တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမယ့်အပြင် ကရင်ပြည်နယ်ရဲ့ တောတောင်ရေမြေ သဘာဝအလှအပကိုလည်း တစ်ခါတည်း ပေါင်းပြီး ပြသထားပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကိုက ပြောကြားသည်။

ယနေ့တွင် ပြပွဲလာပရိသတ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင်များရှိ ဒေသအလိုက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက် ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံများကို နှစ်သက်စွာ ဝယ်ယူအားပေးခဲ့ကြပြီး ပြခန်းများနှင့် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူ ပြည်သူများဖြင့် စည်ကားနေသည်။

"ကျွန်တော်တို့ ပြခန်းမှာ ပြသရောင်းချတဲ့ မကွေးဒေသထွက် ပစ္စည်းတွေကို လူကြိုက်များတယ်။ ဒေသအစားအစာတွေကို အားပေးကြတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြခန်းမှာ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ လယ်ယာသုံးစက်ကိရိယာတွေ ပါပါတယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကနေ ပြည်ပကိုတင်ပို့နေတဲ့ သနပ်စင်ပြီးနှမ်း၊ နှမ်းလှော်မှုန့်၊ အခွံချွတ်နှမ်း၊ ချည်ထည်ပစ္စည်း၊ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည် စတာတွေလည်း ပါပါတယ်။ လုပ်ငန်းရှင်တွေအတွက် ပြည်တွင်းဈေးကွက်ကနေ ပြည်ပဈေးကွက်ကို တက်လှမ်းပြီး နိုင်ငံကို အကျိုးပြုနိုင်ဖို့ ဒီပြပွဲက အများကြီး အထောက်အကူ ပြုပါတယ်။ ဒါကြောင့် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေက တက်တက်ကြွကြွရှိကြတယ်။ MSME လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေအကြား B2B Business Matching ကဏ္ဍတွေမှာ ချေးငွေရရှိမှုအပိုင်းတွေ၊ ဈေးကွက်ရရှိမှု အပိုင်းတွေမှာ အဆင်ပြေချောမွေ့အောင် ဒီပြပွဲကနေ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ဒီလိုပြပွဲတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးပါလို့ပြောလိုပါတယ်"ဟု မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ပြခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။



မအေးမြတ်သွယ်



ဦးစန်းကို



ဦးဇော်ထွန်းအောင်



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ခင်းကျင်းပြသထားမှုများအား ကြည့်ရှုလေ့လာနေကြသူများကို တွေ့ရစဉ်။

ပြပွဲလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ညပိုင်းတွင် နိုင်ငံကျော် အနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပထမနေ့၊ ဒုတိယနေ့နှင့် တတိယနေ့ သုံးရက်တာအတွင်း ပြခန်းများနှင့် အရောင်းဆိုင်များမှ ကျပ်သန်းပေါင်း ၁၀၀၀၀ ကျော် ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ တတိယနေ့သို့ လာရောက်ကြည့်ရှု လေ့လာကြသည့်ပြည်သူ တစ်သိန်းရှစ်ထောင်ကျော်ရှိကြောင်း သိရသည်။

**သတင်း – အောင်မင်းဟန်**
**ကျော်စွာဝင်း**
**ဓာတ်ပုံ – အောင်မင်းထွန်း**

**စည်းလုံးခြင်းသည် အင်အား ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) ဖွင့်လှစ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၉)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ အမျိုးသားစီမံကိန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခိုင်မာအားကောင်းရန် လိုအပ်ကြောင်း၊ သို့မှသာ အကန့်အသတ်ဖြင့် ရှိနေသည့် မိမိတို့နိုင်ငံ၏ အရင်းအမြစ်များကို ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ထိရောက်မှုရှိရှိ၊ စွမ်းဆောင်ရည်ရှိရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသောနိုင်ငံ့ဝန်ထမ်းများကိုမွေးထုတ်ပေးနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ ကာလတိုသင်တန်းများ အပြင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူး မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးလျက် ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများကို (၈) ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူး အဆင့် အရာထမ်းသင်တန်းသား ၂၇၇ ဦး တက်ရောက်ခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် လုပ်ငန်းနယ်ပယ်တွင် လက်တွေ့ပြန်လည်အသုံးချရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန် ကြိုးစားလေ့လာသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉) သို့ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၈ ဦး ပါဝင်တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒို မာတင်ကယ်လီရို အက်စကို စီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေး တို့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများအပြန်အလှန် ဖွင့်လှစ်နိုင်ရေး၊ နှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေးအပါအဝင် မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးတို့ အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြင့်စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား လက်ခံတွေ့ဆုံစဉ်။



ဟသ်ာတမြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များ၊ စင်တင်တေးဂီတဆိုင်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာ ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၀ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင် ဦးဆောင်သော မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသစဉ်။ မြို့နယ်(ပြန်/ဆက်)



# မီးငြိမ်းသတ်ခြင်း လက်တွေ့ဇာတ်တိုက်လေ့ကျင့်

**မလှိုင် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ မြို့နယ်စည်ပင်သာယာမြို့မဈေးကြီးတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၀ ဦးက ဈေးသူဈေးသားများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လေ့ကျင့်ပေးခြင်း၊ မီးငြိမ်းသတ်ရေးယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့ဇာတ်တိုက် လေ့ကျင့်ခြင်းများကို ယနေ့မွန်းလွဲ ၂ နာရီက ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နွယ်နီထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ် (၂)ဈေး မီးဘေးလုံခြုံရေး စစ်ဆေး



**အောင်လံ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ် (၂)ဈေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့် ဈေးကော်မတီဝင်များ၊ ဈေးမီးဘေးကြီးကြပ်မှုအဖွဲ့များ ပူးပေါင်း၍ ဈေးအတွင်း တပ်ဆင်ထားသည့် မီးငြိမ်းသတ်ရေး ပစ္စည်းများ အသင့်အသုံးပြုနိုင်မှုအခြေအနေများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများကို လိုက်လံစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုခန့်**

# နိုင်ငံတကာအထိ ထိုးဖောက်ပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် MSME ပြပွဲတွေမှာ ပြသခြင်းဖြင့် စီးပွားရေးချိတ်ဆက်ရေး ကော်မတီတွေကတစ်ဆင့် နိုင်ငံတကာသံရုံးတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ခွင့်ရတယ်

ဒေါ်သန်းသန်းစိန်

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ကျင်းပလျက်ရှိပြီး ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိသည်။ အဆိုပါပွဲတော်သို့ လာရောက်ပြသရောင်းချကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် –


ဒေါ်သီရိရတနာလှိုင်


ဒေါ်မာမာအောင်


ဒေါ်တင်ရွှေ

**ဒေါ်သီရိရတနာလှိုင်**
**လုပ်ငန်းရှင်၊ ရိုးရာမောင် ချည်ထည်လုပ်ငန်း**

ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ထုတ်ကုန်အနေနဲ့ အခုပြပွဲနဲ့ဆိုရင် လေးနှစ်မြောက် MSME လာရောက် ပြသတာဖြစ်ပါတယ်။ လက်ရှိမှာကတော့ ပြည်တွင်းချည် နှစ် ၈၀ ချည်ကိုပဲ အဓိကထား ထုတ်ပြီးတော့ နိုင်ငံခြားချည် နှစ် ၁၀၀ နဲ့ ပေါင်းပြီး Collaborate လုပ်ပြီးတော့ ဒီဇိုင်းအသစ် ထုတ်ထားတာဖြစ်ပါတယ်။ မနှစ်ကတော့ One Region One Product (OROP) အနေနဲ့ ဝင်ပြိုင်ခဲ့ပါတယ်။ အခုလို ထုတ်ကုန်တွေ ပြသခွင့်ရတဲ့အတွက်ကြောင့် အကျိုးကျေးဇူးအများကြီး ရရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာလုပ်ငန်းရှင်တွေ အားလုံးလာရောက် စုစည်းတယ်၊ ပြီးတော့ တစ်နေရာတည်းမှာပဲ Client တွေ အများကြီးတွေ့ရတယ်။ ဝယ်ယူသုံးစွဲသူတွေဘက်ကလည်း ထုတ်ကုန်အစစ်အမှန်၊ ပစ္စည်းရဲ့ အရည်အသွေးကို တိုက်ရိုက်ကြည့်ပြီးတော့ တိုက်ရိုက်ဝယ်ယူခွင့်ရတယ်။ ဒါကြောင့်မို့လို့ ဈေးကွက်လည်း ရပါတယ်။

နိုင်ငံတော်က ချည်ထည်ကဏ္ဍကနေ ရရှိမယ့် အကျိုးရလဒ်ကို Local သာမက ပြည်ပကို Export တင်ပို့နိုင်တဲ့အထိ မျှော်မှန်းထားပါတယ်။ ကျွန်မက အခုလက်ရှိမှာတော့ ကိုယ့်နိုင်ငံအတွင်းက ချည်ကိုပဲ ကုန်ကြမ်းအဖြစ်သုံးတယ်။ Local ကနေ နောက်တစ်ဆင့် Export တင်ပို့နိုင်တဲ့အထိ ဖြစ်လာအောင် ကြိုးစားနေပါတယ်။ ပြပွဲမှာ အားလုံးအဆင်ပြေကြပါတယ်။ ကျွန်မတို့လိုမျိုး MSME လုပ်ငန်းရှင်တွေအနေနဲ့ အခုလို လာရောက်ပြသခြင်းအားဖြင့် Client တွေ အများကြီးရတယ်၊ ပြီးတော့ ချိတ်ဆက်မှုတွေ အများကြီးလည်း ရရှိတယ်။ အဲဒါကြောင့် မို့လို့ လာရောက်ပြသဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာအောင်**
**လုပ်ငန်းရှင်၊ P & M မြန်မာ့ရိုးရာချည်ထည်လုပ်ငန်း**

ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ လာရောက်ပြသတာပါ။ မြန်မာ့ရိုးရာ ချည်ထည် လုပ်ငန်းပါ၊ ကျွန်မကိုယ်တိုင်ပဲ ဒီဇိုင်းကို ထုတ်ပါတယ်၊ Cutting ကအစ ကျွန်မကိုယ်တိုင် သေချာလုပ်ထားတာပါ။ အဲဒါကို ပြသချင်တဲ့အတွက် ပါဝင်ပြသဖြစ်တာပါ။ Handmade အနေနဲ့ ကျွန်မတို့ အဆင့်ဆင့် လုပ်တာပါ။ ကုန်ကြမ်းကို အင်းလေးကနေ ယူထားတာပါ။ တစ်ခါတလေကျရင် ကျွန်မတို့ ကုန်ကြမ်းမှာယူတဲ့အခါ အခက်အခဲ နည်းနည်းရှိတယ်။ အဲဒီလို အခက်အခဲလေးတွေကြောင့် ဈေးနှုန်းမှာ ငါးရာ၊ တစ်ထောင် ကွာသွားတာရှိပါတယ်။ ကျန်တဲ့ အခက်အခဲတော့ မရှိပါဘူး။ မြန်မာ့ရိုးရာ ချည်ထည်ကို မြန်မာမိန်းကလေးတွေအတွက် ထုတ်လုပ်ထားတယ်ဆိုတဲ့ ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်ကို ဒီပြပွဲက အများကြီး အထောက်အကူပြုပါတယ်။ ကျွန်မတို့လို MSME လုပ်ငန်းတွေက ဒီလိုနိုင်ငံတော်ရဲ့ အားပေးမှုမပါရင် ကျွန်မတို့ကို ဘယ်သူမှမသိဘူးလေ။ အရင်တုန်းက ကျွန်မတို့ဆိုင်မှာ လုပ်တာထက်စာရင် ရောင်းအားကအစ အများကြီးအဆင်ပြေပါတယ်။

**ဒေါ်တင်ရွှေ**
**လုပ်ငန်းရှင်၊ မခါနှင့် ညီမများ သဘာဝဆိုးဆေး ၁၀၀ ရာခိုင်နှုန်း ပိတ်၊ ပဝါရောင်းဝယ်ရေး**

ကျွန်မတို့ရဲ့ လုပ်ငန်းက သဘာဝဆိုးဆေးနဲ့ ပိတ်ပဝါကို ထုတ်လုပ်တဲ့အခါ ဝါဂွမ်းကနေစပြီး ချည်ဖြောင့်၊ ဗိုင်းငင်အဆင့်ဆင့် သွားပါတယ်။ အဲဒါကနေမှ ကိုယ်တိုင်ကိုယ်ကျ ရက်ကန်းခတ် အထည်ဖြစ်တဲ့အထိ အဆင့်ဆင့်လုပ်ဆောင်တာပါ။ အသုံးပြုတဲ့ ကုန်ကြမ်းအနေနဲ့ ၅၀ ရာခိုင်နှုန်းလောက်က ကိုယ့်ဒေသကျေးရွာ ဒေသကထွက်တဲ့ ဝါဂွမ်းကိုပဲ အသုံးပြုပါတယ်။ ကျွန်မတို့ ကျေးရွာထွက် ဝါဂွမ်းကို ကိုယ်တိုင်ဗိုင်းငင်ပြီး အဲဒီလို ထုတ်လုပ်တယ်။ ကျန်တဲ့


ဦးမြင့်ကို


ဒေါ်ခင်ခင်မြင့်


ဒေါ်သန်းသန်းစိန်

၅၀ ရာခိုင်နှုန်း ဝါဂွမ်းနဲ့ ချည်ကိုတော့ ချည်ဆိုင်တွေကနေ ပြန်ဝယ်ရတယ်။ အထည်တွေ၊ ပိတ်ပဝါတွေ ရက်ကန်းခတ်တာက လုပ်သားအနည်းအများအပေါ် မူတည်ပါတယ်။ ထုတ်လုပ်မှုအနေနဲ့ လူတစ်ယောက်က တစ်နေ့ကို ပဝါဆိုရင် ငါးထည်၊ ပိတ်စဆိုရင် ၁၀ ကိုက်၊ ၁၂ ကိုက် အဲဒီလို လုပ်နိုင်တယ် ။ ၂၀၁၉ ခုနှစ် တစ်လပိုင်း ၁၀ ရက်နေ့က ဒီလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တာပါ။ စစချင်းမှာ အမျိုးသားလုပ်သား ငါးယောက်၊ အမျိုးသမီး ငါးယောက်နဲ့ စခဲ့တယ်။ အခုတော့ အမျိုးသမီးဦးရေ ၇၅ နဲ့ ၈၀ ဝန်းကျင်လောက်ရှိလာပါတယ်။ ဒါကြောင့် ပျမ်းမျှအနေနဲ့ တစ်နေ့ကို ပဝါဆိုရင် အထည် ၅၀ ကနေ ၁၀၀ ဝန်းကျင်အထိ၊ ပိတ်စကတော့ ၁၀ အုပ်ကနေပြီးတော့ အုပ် ၅၀ ဝန်းကျင်ထွက်တယ်၊ ပုံမှန်တော့မရှိဘူး။

ပြပွဲလာပြတာက လေးကြိမ်မြောက်ပြသတာဖြစ်သွားပြီ။ MSME ပြပွဲကို လာရတဲ့ အကျိုးကျေးဇူးကတော့ ဖောက်သည်တွေနဲ့ တွေ့ရတယ်။ ပြီးတော့ ဘဏ်တွေနဲ့ ချိတ်ဆက်ပေးတာတို့၊ ဈေးကွက်ချိတ်ဆက်ပေးတာတို့ကြောင့် အဲဒီအကျိုးကျေးဇူးတွေကတော့ လုပ်ငန်းရှင်တွေ ယူတတ်ရင် ယူတတ်သလို ရကြပါတယ်။ အဆင်ပြေတဲ့သူ များပါတယ်။ ကျွန်မတို့ထုတ်ကုန်ကို ဝယ်ယူသုံးစွဲနေတာက ကျွန်မတို့ဆီက ပိတ်စကို ယူတယ်၊ ပြီးရင် သူတို့က ချုပ်ထည်ပိုင်းကိုသွားကြတဲ့ ဒီဇိုင်နာတွေက ပိုများပါတယ်။ ဒီပြပွဲမှာ အဓိကလာရောက်ဝယ်ယူတာက မန္တလေးနဲ့ ရန်ကုန်ကများပါတယ်။ အခုလောလောဆယ် ပြည်ပတော့ မပို့ဖြစ်သေးပါဘူး။

**ဦးမြင့်ကို**
**လုပ်ငန်းရှင်၊**
**ခေတ်စံအိမ် မွန်ရိုးရာအထည်လုပ်ငန်း**

ရိုးရာဝတ်စုံ အမျိုးပေါင်း ၁၀၀ ကျော်လောက် ပါဝင်ပြသထားတာပါ။ "ခေတ်စံအိမ်" အနေနဲ့ကတော့ ပုဆိုးမှာဆိုရင် ချည်ပေါင်းသားရှိတယ်၊ နှစ် ၄၀၊ နှစ် ၆၀၊ နှစ် ၈၀၊ နှစ် ၁၀၀ ဆိုတဲ့ ချည်တွေပါ။ ပြီးတော့ အဆင့်ဆင့်ပေါင်းပြီးတဲ့ ချည်သားနဲ့ ချည်ရဲ့အသားအပေါ် မူတည်ပြီးတော့ ဈေးအပြောင်းအလဲရှိတာပါ။ အခုနှစ်မှာစတင်ပြီး လာရောက်ပြသတာဖြစ်ပါတယ်။ အခုမှစပြီး ပါဝင်တာဖြစ်ပြီး ဒီလိုပြပွဲမျိုးမှာ ပထမဆုံး ပြသတဲ့အခါ စိတ်လှုပ်ရှားမိတယ်။ အဆင်ပြေမလား၊ မပြေဘူးလားဆိုပြီးတော့ပါ။ အများကြီး ပူပင်သောကရောက်ခဲ့ပေမယ့် အခုတော့ အေးအေးဆေးဆေးပါပဲ။ အဆင်ပြေပြီ၊ ကျွန်တော်စလုပ်နိုင်သွားပါပြီ။ အခုလိုမျိုးပြပွဲလုပ်ပေးတာက တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ပြသရာရောက်တယ်။ ဒီပွဲမှာဆိုရင် ဈေးနှုန်းဆိုရင် သက်သာမှန်ကန်တဲ့ ဈေးနှုန်းနဲ့ ရမှာဖြစ်ပါတယ်။ နိုင်ငံတော်က နိုင်ငံခြားကို တင်ပို့ဖို့အထိ ရည်ရွယ်တဲ့အတွက်ကြောင့် ကိုယ့်နိုင်ငံရဲ့ အထည်ကို ကမ္ဘာကို ချပြလို့ရတယ်။ လက်ရှိ ကျွန်တော်ကတော့ ပြည်ပကို မဖြန့်သေးဘူး။ မော်လမြိုင်နဲ့ နေပြည်တော်ပဲ ရှိပါသေးတယ်။ ရှေ့လျှောက်ပြီး အစီအစဉ်တွေအများကြီး ရှိပါသေးတယ်။ အကုန်လုံးနဲ့ ချိတ်ဆက်ပြီး တစ်နိုင်ငံလုံးကိုဖြန့်မှာပါ။

**ဒေါ်ခင်ခင်မြင့်**
**လုပ်ငန်းရှင်၊ အထည်ချုပ်လုပ်ငန်း**

ချည်ထည်ကို အင်းလေးရက်ကန်းစင်ကနေ တိုက်ရိုက်ယူပြီးတော့ အိမ်မှာကိုယ်တိုင်ချုပ်တာပါ။ ကိုယ်ပိုင်ဒီဇိုင်းနဲ့ ကိုယ်တိုင်ဦးစီးပြီး အထည်ချုပ်လုပ်ငန်းကိုလုပ်ကိုင်ပြီး ရောင်းချတာဖြစ်ပါတယ်။ ပြပွဲ ခင်းကျင်းပြတာက သုံးကြိမ်မြောက်ရှိပါပြီ။ အကျိုးကျေးဇူး အများကြီးရှိပါတယ်။ ဒီမှာ အခုလို ရောင်းချခွင့်ရတဲ့အတွက် မိတ်ဆွေတွေ တိုးပါတယ်၊ လုပ်ငန်းရှင်အချင်းချင်း ဖလှယ်ခွင့်ရပါတယ်။ ရိုးရာချည်ထည်တွေက ကိုယ့်နိုင်ငံထွက် ပစ္စည်းဖြစ်လို့ တန်ဖိုးထား အမြတ်တနိုးနဲ့ ရောင်းချတာဖြစ်ပါတယ်။ အဲဒီအတွက် ဝယ်ယူဝတ်ဆင်တဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ တချို့နိုင်ငံခြားသွားတဲ့ သူတွေဆိုအော်ဒါတွေ မှာကြတယ်။ ပြီးတော့ မန္တလေးနဲ့ ရန်ကုန်ကလည်း တော်တော်များများမှာကြပါတယ်။ MSME မှာ အခုလို လာပြခွင့်ရတဲ့အတွက် အဆက်အသွယ်တွေရပြီး ဒီလိုမျိုးတွေ ပို့ခွင့်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပွဲမျိုး လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေါ်သန်းသန်းစိန်**
**လုပ်ငန်းရှင် ၊ UKK ပိုးထည်လုပ်ငန်း**

ပုဆိုးတွေကို အဆင့်ဆင့် ထုတ်လုပ်ရပါတယ်။ ကုန်ကြမ်းကနေ ကုန်ချောအဆင့်ဆင့် ထုတ်လုပ်တဲ့အခါမှာ အထည်တစ်ကွင်းဖြစ်ဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ အထည်တစ်ကွင်း ဖြစ်ဖို့အတွက် အဆင့်ဆင့်လုပ်ရတာပါ။ ပထမချည်ဆိုးရတယ်၊ ရက်ဖောက်ရတယ်၊ တန်းပေါ်တင်ရတယ်၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာတဲ့ ရက်ကန်းလုပ်ငန်းကို ကျွန်မလက်ထက်မှာ ခေတ်နဲ့အညီ စက်တွေနဲ့ ဖြစ်လာတယ်။ နောက် တတိယမျိုးဆက် ကျွန်မသားလက်ထက်မှာတော့ အားလုံးက အော်တိုစက်တွေ ဖြစ်သွားတယ်။ အဲဒီတော့ စက်တစ်စင်ဆိုရင် ကွင်း ၃၀၀ ထွက်တယ်။

MSME ပြပွဲက အမရပူရကနေ နိုင်ငံတကာဆီသို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ အားလုံးကို မြင်စေချင်တယ်၊ Product တွေ အကုန်လုံး ဒီမှာစုစည်းတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ထုတ်ကုန်တွေ အစုံပါတယ်။ Marketing က ကျယ်ပြန့်သွားတာပေါ့။ ကျွန်မတို့ပစ္စည်းကို ဒီဇိုင်းမျိုးစုံနဲ့ ထုတ်တဲ့အခါ အားလုံးက အားပေးကြတယ်၊ နှစ်သက်ကြတယ်။ နိုင်ငံတကာပြပွဲတွေအထိ ထိုးဖောက်နိုင်သွားပါပြီ။ ကမ္ဘောဒီးယားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ Register လုပ်တာကိုသူတို့က လက်ခံလိုက်တယ်။ အခုလတ်တလောကတော့ သူတို့လာလာ ဝယ်ကြတယ်။ ကမ္ဘောဒီးယားနဲ့ဆိုရင် ချိတ်ကလေးတွေကဆင်တော့ တိုက်ရိုက်အားပေးသွားတယ်၊ အများကြီးဝယ်သွားကြတယ်၊ အောင်မြင်တဲ့ အဆင့်ရောက်လာပါပြီ။

နိုင်ငံတကာအထိ ထိုးဖောက်ပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် MSME ပြပွဲတွေမှာ ပြသခြင်းဖြင့် စီးပွားရေးချိတ်ဆက်ရေး ကော်မတီတွေကတစ်ဆင့် နိုင်ငံတကာသံရုံးတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ခွင့်ရတယ်။ ဒီလိုချိတ်ဆက် လုပ်ကိုင်ခွင့်ရပြီး အားလုံးက နှစ်သက်ကြတဲ့အတွက် ကိုယ့်မြို့ဖြစ်တဲ့ အမရပူရအတွက် အများကြီးဝမ်းသာပါတယ်။

ကျွန်မတို့ ခေတ်အလွန်မှာလည်း ဒီပညာကို ဆက်လက်ထိန်းသိမ်းပြီး ကျယ်ပြန့်စေချင်ပါတယ်။ အမရပူရကနေ မန္တလေးဈေးချို၊ ဈေးချိုကနေ ရန်ကုန်၊ ရန်ကုန်ကနေ အခုနိုင်ငံတကာအထိ ထိုးဖောက်ခဲ့တယ်။ ဆုတွေလည်း အများကြီးရခဲ့ပါတယ်။ ASEAN Award လည်းရတယ်။ ၂၀၂၄ ခုနှစ်ကလည်း ကမ္ဘောဒီးယားမှာ အမျိုးသမီးစွမ်းဆောင်ရှင်အနေနဲ့သွားတဲ့အခါ စွမ်းဆောင်ရည်ဆု UKK နဲ့ ဆုရခဲ့တယ်။ ပြီးတော့ နေပြည်တော်မာရဝိဇယဘုရားမသိုးသင်္ကန်းပြိုင်ပွဲမှာ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပြီး နှစ်နှစ်ဆက်တိုက် ပထမရခဲ့တယ်။

**ဇော်မျိုး (မြဝတီ)**
**ဓာတ်ပုံ – ဖိုးနိုင်**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏ စုစည်းမှုခွန်အားဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောစေအံ့

တက္ကသိုလ်မြတ်သူ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ ပြည်ထောင်စုနေ့ဟူ၍ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို သတ်မှတ်ခဲ့ကြသည်မှာ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့လေး၌ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သည့် ပင်လုံညီလာခံတွင် နယ်ချဲ့တို့ အစွမ်းကုန်ခြေထိုး၊ သပ်လျှို၊ သွေးခွဲ၊ သွေးထိုးသည့်ကြားမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်၊ ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝမှု၊ လွတ်လပ်ရေးကို တန်ဖိုးထားမြတ်နိုးမှုတို့ဖြင့် ၁၂-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို တစ်ခဲနက်လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ထိုပင်လုံစာချုပ်ကြီးကပင်လျှင် မြန်မာတစ်နိုင်ငံလုံး၊ မြန်မာနိုင်ငံသားအားလုံး၊ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးလုံးတို့က နယ်ချဲ့အင်္ဂလိပ်တို့လက်မှ မြန်မာ့အချုပ်အခြာအာဏာ/မြန်မာ့လွတ်လပ်ရေးကို ပြန်ယူမည်ဆိုသော မြန်မာ့ရာဇသံကို တစ်သွေးတစ်သံ၊ တစည်းတလုံးတည်း ပေးခဲ့နိုင်သောနေ့ဖြစ်သည်။ လွတ်လပ်သော မြန်မာပြည်ထောင်စုကြီးကို တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးလုံးက တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချခဲ့သောနေ့လည်း ဖြစ်သည်။

ပင်လုံညီလာခံကျင်းပသည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလက ကျွန်တော်သည် အလယ်တန်းကျောင်းသားမျှသာဖြစ်သည်။ ထို့ကြောင့် လူကြီးသူမများပြောနေသော ပင်လုံ၊ သတင်းစာခေါင်းစီးမှ ပင်လုံညီလာခံဟူသော စာလုံးကို မြင်ဖူး၊ ဖတ်ဖူးရုံရှိပါသေးသည်။

နောင်ကဗျာရေး၊ စာရေးရင်း စာဖတ်၊ သတင်းစာအဖတ်များလာတော့မှ ပင်လုံညီလာခံအကြောင်း အတော်အတန်သိလာရသည်။ ၁၉၅၇ ခုနှစ်တွင် သတင်းစာလောကသို့ ခြေစုံပစ်ဝင်မိတော့မှ၊ သတင်းဟောင်းများ၊ သတင်းနောက်ကြောင်းများ ပြန်လှန်ဖတ်ရှုလေ့လာမှ ပင်လုံညီလာခံအကြောင်း ခြေခြေမြစ်မြစ် သိလာရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစာနယ်ဇင်းဌာနမှ ပြုစုထုတ်ဝေသော ပင်လုံညီလာခံမှတ်တမ်းစာအုပ်ကြီးထွက်ရှိလာသောအခါ ပင်လုံညီလာခံအကြောင်းပါ၍ သိလာရသည်။ ကိုယ်တိုင်လည်း ပြည်ထောင်စုနေ့ကျင်းပပုံ သတင်းများ၊ ပြည်ထောင်စုနေ့ဆွေးနွေးပွဲများ၊ မိန့်ခွန်းများက ပြောသော ပင်လုံညီလာခံအကြောင်းများ ထဲထဲဝင်ဝင်သိလာခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလက စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံသို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အဖြစ် တက်ခွင့်ရသောအခါ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းမှ အဆောင်များတွင် နေထိုင်ရင်း၊ စုဝေးကြ၊ စည်းဝေးကြ၊ အခြေခံဥပဒေသစ်ရေးဆွဲရာ၌ ပါဝင်ရသည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရသည့်မူများ ဆွေးနွေးကြ၊ ဝေဖန်ကြ၊ ညှိနှိုင်းကြဖြင့် တိုင်းရင်းသားမျိုးစုံမှ ကိုယ်စားလှယ်များနှင့် ပိုမိုရင်းနှီးလာခဲ့ရသည်။

အမျိုးသားညီလာခံတွင် (၁) နိုင်ငံရေးပါတီများအစုအဖွဲ့၊ (၂) ရွေးကောက်ပွဲတွင် အရွေးခံရသည့် ကိုယ်စားလှယ်များအစုအဖွဲ့၊ (၃) တိုင်းရင်းသားစုံ ကိုယ်စားလှယ်များအစုအဖွဲ့၊ (၄) အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ (၅) အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ (၆)တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ (၇) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၊ (၈) အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ်များ အစုအဖွဲ့ဟူ၍ အစုအဖွဲ့ရှစ်ဖွဲ့ ပါဝင်တက်ရောက်ကြရာ ကိုယ်စားလှယ် စုစုပေါင်း ၇၀၂ ဦး၊ ၂၀၀၄ ခုနှစ် မေလ ၁၄ ရက်နေ့မှ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့အထိ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်ပေါင်း ၁၀၈၅ ဦးအထိ တိုးလာခဲ့သည်။ ၃-၉-၂၀၀၇ ရက်နေ့တွင် ညီလာခံမှ အခြေခံဥပဒေသစ်တွင် ပါဝင်မည့် အခန်း ၁၅ ခန်းအတွက် မူများချမှတ်ပြီးစီးခဲ့သည်။

အစုအဖွဲ့ ရှစ်ခုစလုံးတွင် တိုင်းရင်းသားမျိုးစုံ ပါဝင်ကြသည်။ အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ငြိမ်းချမ်းရေးရယူပြီး ဥပဒေအတွင်းဝင်ကြသော အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ်၊ အဖွဲ့ခွဲ ၂၀ ကျော်မှ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအတွေ့အကြုံပြည့်ဝသော အငြိမ်းစားသံအမတ်များ၊ အုပ်ချုပ်ရေးပညာ၊ ဆေးပညာကျွမ်းကျင်သော ပညာရှင်များ၊ သမိုင်းပညာရှင်များ၊ စီးပွားရေးပညာရှင်၊ လုပ်ငန်းရှင်များပါဝင်သည်။ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (အငြိမ်းစား)လည်းဖြစ်၊ ဖဆပလ အဖွဲ့ချုပ် ခေါင်းဆောင်တစ်ဦးလည်းဖြစ်၊ ပင်လုံညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးကပ် အတူတက်ခဲ့သူလည်းဖြစ်သော ဦးဖေခင်သည်လည်း အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်လာကြောင်း သိရသည်။ ထိုစဉ်က သူက လူကြီး၊ ကျွန်တော်က လူငယ်လူလတ်ပိုင်းမျှသာဖြစ်၍ ဦးဖေခင်ကို သွားမတွေ့ရဲခဲ့ပေ။

တစ်နေ့သောအခါ ဦးဖေခင်က ကျွန်တော်နေထိုင်ရာ အဆောင်(၈)အောက်ထပ်သို့ ရောက်လာသည်။ ဂါဒီယန်နှင့် WPD အတွက် အင်္ဂလိပ်ဘာသာဖြင့် သူရေးထားသည့် ပြည်ထောင်စုနေ့ဆောင်းပါး တစ်စောင်ကို ကျွန်တော့်အားပြပြီး မြန်မာသတင်းစာများတွင် ထည့်ချင်သည့်အတွက် မြန်မာဘာသာ ပြန်ဆိုပေးပါဟုပြောသည်။ ကျွန်တော်လည်း ဝမ်းသာအားရလက်ခံယူပြီး ဘာသာပြန်ပေးလိုက်သည်။ ဦးဖေခင်နှင့် ပင်လုံညီလာခံအကြောင်း စကားစမြည်ပြောဖြစ်သည်။ ဦးဖေခင်က ကိုယ်တွေ့ပင်လုံအကြောင်း အသေးစိတ်ပြောပြသည်။ ကိုယ်တွေ့ပင်လုံအကြောင်း သူအင်္ဂလိပ်လိုရေးထားသော စာအုပ်၊ မြန်မာဘာသာသို့ ပြန်ဆိုထားသော စာအုပ်တစ်အုပ်ကိုပါ နောက်တစ်ခေါက်လာပေးသည်။ ပင်လုံအကြောင်း အသေးစိတ်ထပ်ပြောပြပြန်သည်။

လမ်းစဉ်ပါတီထုတ် ပင်လုံညီလာခံမှတ်တမ်းစာအုပ်ဖတ်၊ ဦးဖေခင်၏ ကိုယ်တွေ့ပင်လုံစာအုပ်ဖတ်၊ဦးဖေခင်ပြောပြသမှုပင်လုံညီလာခံအတွင်းရေးများပါ သိလာရသည်။ ပင်လုံညီလာခံ (၁၉၄၇) မကျင်းပမီ ၁၉၄၆ တွင် ပင်လုံမြို့၌ အင်္ဂလိပ်ဘုရင်ခံနှင့် စော်ဘွားအချို့ တွေ့ဆုံကြသော ပထမပင်လုံ တွေ့ဆုံပွဲအကြောင်း၊ ထိုတွေ့ဆုံပွဲသည် အမှန်အားဖြင့် ဘုရင်ခံက သူနှင့် စော်ဘွားများ အဘယ်မျှရင်းနှီးသည်၊ ပြေလည်ကြသည်ကိုပြသ၊ ဝါဒဖြန့်ရန်ဖြစ်သည်။ ပြည်နယ်ထွက်ကုန်ပစ္စည်းပြပွဲ၊ လောင်းကစားဝိုင်းမျိုးစုံဖြင့် ကျင်းပခဲ့သည်။

ထိုပထမပင်လုံတွေ့ဆုံပွဲသို့ ဗိုလ်ချုပ်အောင်ဆန်းကို ဖိတ်ခေါ်သော်လည်း သွားရောက်ခြင်းမပြုခဲ့ပေ။ သခင်နုနှင့် ဂဠုန်ဦးစောတို့ တက်ရောက်ခဲ့သည်။ ဂဠုန်ဦးစောက အင်္ဂလိပ်တို့ပေးသော ဒိုမီနီယံ ခေါ် ဖားတစ်ပိုင်းငါးတစ်ပိုင်း၊ ကျွန်စော်နံသော လွတ်လပ်ရေးကို မြန်မာတို့လက်ခံသင့်ကြောင်း ဟောပြောသည်။ ပဒေသရာဇ် (ရှမ်းစော်ဘွားစနစ်) ဆန့်ကျင်ကာ ရှမ်းပြည်သူတို့မှာ ၄-၁-၁၉၄၈ ရက်နေ့ လွတ်လပ်ရေးအတူရပါလျက် စော်ဘွားပဒေသရာဇ်စနစ်အောက် ကျရောက်ကျန်နေရမည်ကို မကျေနပ်သည့် တောင်ကြီးမှ ဦးတင်အေး၊ ဦးထွန်းမြင့်(ထောက်ကြံ့)၊ ဦးထွန်းမြင့်(လင်းခေး)၊ ဦးစိုင်းသန်းတင်၊ ဦးဘရီ၊ ဦးလှဖေ၊ ဦးအုန်းဖေ စသည့် လူငယ်များက ရှမ်းပြည်နယ် လွတ်လပ်ရေးလူငယ်များအဖွဲ့ (ရလလဖ) ဖွဲ့စည်းကာ နယ်ချဲ့တို့ ချုပ်ချယ် ကန့်သတ် ပိတ်ဆို့ထားသည့်ကြားမှ ဗိုလ်ချုပ်အောင်ဆန်းတို့ ဗမာမျိုးချစ်ခေါင်းဆောင်များနှင့် ဆက်သွယ်လှုပ်ရှားနေခဲ့သည်။

သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)နှင့် တို့ဗမာအစည်းအရုံး၊ ကျောင်းသားသမဂ္ဂများက ဖတပလ(ဖဆပလ)ဖွဲ့ကာ နယ်ချဲ့ထံမှ လွတ်လပ်ရေးကို မဆုတ်မနစ် တောင်းဆိုတိုက်ပွဲဝင်ကြရာ ပြည်သူတို့ တစ်ခဲနက် ထောက်ခံပါဝင်လာကြသည်။ လူထုကြီးတစ်ရပ်လုံးပါဝင်သော လွတ်လပ်ရေး တောင်းဆိုမှုကို အင်္ဂလိပ်တို့ မလွန်ဆန်နိုင်တော့ချေ။ ထိုအချိန် အင်္ဂလန်နိုင်ငံတွင် ဝန်ကြီးချုပ် ချာချီ ရွေးကောက်ပွဲရှုံးပြီး လေဘာပါတီမှ အက်တလီတို့ ရွေးကောက်ပွဲနိုင်၊ အာဏာရချိန်ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့ ဖိတ်ခေါ်ကာ မြန်မာ့လွတ်လပ်ရေး အတွက် ဆွေးနွေးလာရတော့သည်။

ထိုအချိန် ရန်ကုန်မြို့ရှိ အင်္ဂလိပ်ဘုရင်ခံနှင့် တောင်တန်းဒေသမင်းကြီး စတီဗင်ဆင်တို့က ရှမ်းစော်ဘွားများအား သွေးထိုးကာ လန်ဒန်သို့ ကြေးနန်းရိုက်စေခဲ့သည်။ ယင်းကြေးနန်း၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာကိုယ်စားလှယ်သာဖြစ်သည်။ ရှမ်းပြည်နယ်ကို ကိုယ်စားမပြု၊ ရှမ်းတိုင်းရင်းသားတို့၏သဘောထားသိရန် ရှမ်းစော်ဘွားများကို ဖိတ်ပါဟု ဖော်ပြထားသည်။ အင်္ဂလိပ်ဝန်ကြီးချုပ်က ထိုကြေးနန်းစာကိုပြပြီး ဗိုလ်ချုပ်အောင်ဆန်းကို အကျပ်ကိုင်သည်။ ဗမာများ၏ လွတ်လပ်ရေးကိုသာပြောပါ။ တိုင်းရင်းသားတို့၏ တောင်ပေါ်ဒေသအရေး မဆွေးနွေးပါနှင့်ဟု ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းက တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးကိုသာ မဆုတ်မနစ် တောင်းဆိုခဲ့သည်။

အင်္ဂလိပ်ဝန်ကြီးချုပ် အက်တလီက ၁၉၄၇ ခုနှစ်တွင် ပင်လုံညီလာခံလုပ်လိမ့်မည်၊ ဗိုလ်ချုပ်အောင်ဆန်းတက်ပါဟု မှာကြားလိုက်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ပင်လုံညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ လန်ဒန်မှ အောင်ဆန်း-အက်တလီ စာချုပ်ရေးထိုး၍ ပြန်လာပြီးနောက် ကချင်၊ ချင်း၊ ရှမ်း၊ ကယား၊ ကရင် စသည့် တိုင်းရင်းဒေသများသို့ ဗိုလ်ချုပ်အောင်ဆန်းသွားရောက်ခဲ့သည်။ လွတ်လပ်ရေးရတော့မည့် အခြေအနေတင်ပြကာ တိုင်းရင်းသားများ၏ ထောက်ခံမှုရယူခဲ့သည်။

ဗိုလ်ချုပ်တို့ အင်္ဂလန်တွင် လွတ်လပ်ရေးအတွက် ဆွေးနွေးပြီးအပြန် အင်္ဂလိပ်တို့က အဖွဲ့များ စေလွှတ်ကာ တိုင်းရင်းသားများက ဗမာနှင့်အတူ လွတ်လပ်ရေး မယူလိုဟူသော ဆန္ဒများဖော်ထုတ်ကြရန် သွေးဆောင်ခဲ့သည်။ သို့သော် တိုင်းရင်းသားအားလုံးက အတူတကွလွတ်လပ်ရေးယူမည်ဟု ပြတ်သားစွာ ပြန်ကြားခဲ့၍ အင်္ဂလိပ်တို့လက်လျှော့ကြရသည်။ နောက်ဆုံး ပင်လုံညီလာခံကျင်းပ၊ ပင်လုံညီလာခံတွင် ဗမာနှင့်အတူ လွတ်လပ်ရေး မယူလို၊ ပင်လုံစာချုပ် လက်မှတ်မထိုးဟူသော အနေအထားကို အင်္ဂလိပ်တို့ ဖန်တီးထားခဲ့သည်။ အင်္ဂလိပ်ဘုရင်ခံနှင့် တောင်တန်းဒေသမင်းကြီး စတီဗင်ဆင်တို့သာမက အင်္ဂလန်မှ လွှတ်လိုက်သော ကိုလိုနီဆိုင်ရာ အတွင်းဝန်တို့ပါ စော်ဘွားများကို သွေးထိုး၊ သွေးခွဲလုပ်ပြီး ပင်လုံညီလာခံမအောင်မြင်၊ ပျက်ပြားသွားအောင် ဖျက်ဆီးလာကြသည်။ အင်္ဂလိပ်တို့၏ စည်းရုံးမှုကိုခံရပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဆန့်ကျင်သော စော်ဘွားများကို အသုံးချ၍ ပင်လုံညီလာခံပျက်စေရန် နယ်ချဲ့အင်္ဂလိပ်တို့က အမျိုးမျိုးသွေးထိုးခဲ့ရာ မူလကပင် အင်္ဂလိပ်ပယောဂဝင်နေသော စော်ဘွားအချို့က ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်မထိုးနိုင်ဟု ပြောလာကြသည်။

၅-၂-၁၉၄၇ ရက်နေ့ ညနေပိုင်းတွင် ကျင်းပသည့် ညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက “ကျွန်တော်အခု ပင်လုံကို ရောက်လာတာကတော့ အဓိကအားဖြင့် ၁၉၄၇ ခုနှစ်ကုန်၊ ၁၉၄၈ ခုနှစ် နှစ်ဆန်းရင် ဗမာတွေ လွတ်လပ်ရေးယူကြတော့မယ်။ တိုင်းရင်းသားတွေ မိမိတို့ဆန္ဒအလျောက် စိတ်တိုင်းကျလွတ်လွတ်လပ်လပ် ဆုံးဖြတ်ကြပါ။ ကျွန်တော်တို့က ခင်ဗျားတို့ကို လွတ်လပ်ရေး ယူကြရမယ်လို့ အတင်းအကျပ် မပြောလိုပါဘူး။ ကျွန်တော်တို့နဲ့ အတူ မယူနဲ့လို့လည်း မပြောလိုပါဘူး။ စိတ်တိုင်းကျ ဆုံးဖြတ်ပါ။ ကျွန်တော်တို့တစ်တွေဟာ လွတ်လပ်ရေး ပြန်ရအောင် နှစ်ပေါင်း ၅၀ ကျော် ကြိုးပမ်းခဲ့ရတယ်။ ခင်ဗျားတို့ တိုင်းရင်းသားတွေ အခုမယူသေးဘူး၊ နောင်ကျမှ ယူမယ်ဆိုရင်လည်း သဘောပါပဲ၊ အဲဒီအခါကျရင် ခင်ဗျားတို့ လုံးဝလွတ်လပ်ရေး ပြန်ရအောင် နှစ်ပေါင်းဘယ်လောက်ကြာကြာ ကြိုးပမ်းရမလဲဆိုတာတော့ မပြောနိုင်ပါဘူး”ဟု ပြောကြားသည်။

**“၅-၂-၁၉၄၇ ရက်နေ့ ညနေပိုင်းတွင် ကျင်းပသည့် ညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက “ကျွန်တော်အခု ပင်လုံကို ရောက်လာတာကတော့ အဓိကအားဖြင့် ၁၉၄၇ ခုနှစ်ကုန်၊ ၁၉၄၈ ခုနှစ် နှစ်ဆန်းရင် ဗမာတွေ လွတ်လပ်ရေးယူကြတော့မယ်။ တိုင်းရင်းသားတွေ မိမိတို့ဆန္ဒအလျောက် စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ကြပါ။ ကျွန်တော်တို့က ခင်ဗျားတို့ကို လွတ်လပ်ရေးယူကြရမယ်လို့ အတင်းအကျပ် မပြောလိုပါဘူး။ ကျွန်တော်တို့နဲ့အတူ မယူနဲ့လို့လည်း မပြောလိုပါဘူး။ စိတ်တိုင်းကျ ဆုံးဖြတ်ပါ။ ကျွန်တော်တို့တစ်တွေဟာ လွတ်လပ်ရေးပြန်ရအောင် နှစ်ပေါင်း ၅၀ ကျော် ကြိုးပမ်းခဲ့ရတယ်။ ခင်ဗျားတို့တိုင်းရင်းသားတွေ အခုမယူသေးဘူး၊ နောင်ကျမှ ယူမယ်ဆိုရင်လည်း သဘောပါပဲ၊ အဲဒီအခါကျရင် ခင်ဗျားတို့ လုံးဝလွတ်လပ်ရေး ပြန်ရအောင် နှစ်ပေါင်းဘယ်လောက်ကြာကြာ ကြိုးပမ်းရမလဲဆိုတာတော့ မပြောနိုင်ပါဘူး” . . . .”**

စာမျက်နှာ ၁၁ သို့ *

# အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ၊ ပျဉ်းမနား ဘိုးဘွားရိပ်သာ၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့မှ သက်ကြီးပုဂ္ဂိုလ်များအား ချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အေးငြိမ်းချမ်းသာ ဂိလာန ဘိုးဘွားရိပ်သာ၊ ပျဉ်းမနားဘိုးဘွားရိပ်သာနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့ကို သွားရောက်ပြီး ဘိုးဘွားရိပ်သာများမှ သက်ကြီးပုဂ္ဂိုလ်များအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် လက်ဝယ်အရောက်ပေးအပ်ကာ Standard Dignity Kit များ ပေးအပ်သည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များ ကောင်းမွန်စွာနေထိုင်နိုင်ရန် ဘိုးဘွားရိပ်သာများအား စနစ်တကျစိစစ်တည်ထောင်ခွင့်ပြုလျက်ရှိသကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များကို စောင့်ရှောက်နိုင်မည့်သူများအတွက် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရိပ်သာများသို့ ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့မှုအပြင် ယခုထပ်ဆောင်း ထောက်ပံ့မှုသည် နေ့စဉ်ဘဝ လိုအပ်ချက်အတွက် အထိုက်အလျောက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားပြီး အဘိုးအဘွားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Hotel -Training (House Keeping)နှင့် (Waiter & Waitress) သင်တန်းဖွင့်ပွဲနှင့်DE INFINITY CO.,ltd. ၏ ပြောင်းအခြောက်ခံစက်ရုံဖွင့်ပွဲ ကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည့် ရှမ်းပြည်နယ် အလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ Hotel–Training (House Keeping) နှင့် (Waiter&Waitress) သင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး ကော်မတီနာယကပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Hotel–Training (House Keeping) သင်တန်းအတွက် စားသောက်စရိတ် ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က Hotel–Trainig (Waiter & Waitress) သင်တန်းအတွက် စားသောက်စရိတ် ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် အေးသာယာမြို့ စက်မှုဇုန်ရှိ DE INFINITY Co.,Ltd. ၏ ပြောင်းအခြောက်ခံ စက်ရုံဖွင့်ပွဲသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြောင်းအခြောက်ခံစက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံအား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် တောင်ကြီးမြို့ မြေအောက်ရေ အထောက်အကူပြုအဖွဲ့မှ တောင်ကြီးမြို့၏ ရေအရင်းအမြစ်များနှင့် မြို့ပြသွင်ပြင်ရုပ်ဝန်းကို လေ့လာခြင်း စာအုပ်ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့၏ ရေအရင်းအမြစ်များနှင့် မြို့ပြသွင်ပြင်ရုပ်ဝန်းအား လေ့လာခြင်း စာအုပ်များကို အလှူရှင် ဦးစံလင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံ လှူဒါန်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့၏ ရေအရင်းအမြစ်များနှင့် မြို့ပြသွင်ပြင်ရုပ်ဝန်းအား လေ့လာခြင်း စာအုပ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့ပေါ်ရှိ စာကြည့်တိုက်များ၊ Companyများ၊ မြို့ပေါ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များသို့ ဆက်လက်ပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူကြပြီး မြေအောက်ရေ အထောက်အကူပြုအဖွဲ့က ပြည်နယ်ဝန်ကြီးချုပ်အား ဂါရဝပြုအမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက တောင်ကြီးမြို့ မြေအောက်ရေ ထိန်းသိမ်းရေးအတွက် ဖွဲ့စည်းဆောင်ရွက်ထားသည့် ကော်မတီအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရေထိန်းတောဧရိယာ ထိန်းသိမ်းနိုင်ရေး ဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

✳ စာမျက်နှာ ၁၀ မှ

ပင်လုံညီလာခံသဘာပတိဖြစ်သူက "ဗိုလ်ချုပ်က အခုလို ပွင့်ပွင့်လင်းလင်း ပြောသွားတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်။ ကျွန်တော်တို့ဟာ တိုင်းတစ်ပါးသား လူမျိုးခြား နယ်ချဲ့လက်အောက်နေလာရတာ ကြာနေပါပြီ။ ဆက်ပြီးမနေနိုင်တော့ပါဘူး။ ဗိုလ်ချုပ်စိတ်ချပါ၊ ကျွန်တော်တို့လည်း ဗမာနဲ့အတူ လွတ်လပ်ရေးယူမှာပါ။"

သို့သော်လည်း အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲ၊ သွေးထိုးပေးမှုအရ စော်ဘွားအချို့က ပင်လုံစာချုပ်တွင် လက်မှတ်မရေးထိုးတော့ဟု ပြောလာကြသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက "ဒါတော့ သူတို့သဘောပါပဲ။ သူတို့လွတ်လပ်ရေးမယူချင်ရင် နေကြပါစေ။ ဒို့ကတော့ယူရမှာပဲ၊ ဒို့ဝတ္တရားကုန်ပြီ။ တကယ်လို့များ သူတို့က ဒို့နဲ့အတူ လွတ်လပ်ရေးယူမယ်ဆိုရင် တိုင်းရင်းသားလူမျိုးတို့ရဲ့ အခွင့်အရေးတွေ ကာကွယ်ပေးဖို့ ဥပဒေတွေရေးဆွဲပြဋ္ဌာန်းပေးဖို့ စီစဉ်ထားတာပါပဲ။ အဲဒီလိုဆို နက်ဖြန်ရန်ကုန်ပြန်မယ်၊ ဗိုလ်ထွန်းလှ လေယာဉ်မှာလိုက်တော့ နက်ဖြန်ပြန်မယ်"ဟု ပြောသည်။ ဖဆပလမှ လူကြီးများနှင့် ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များက မေတ္တာရပ်ခံပြီး ဆွေးနွေးကြသည်။ နောက်ဆုံးတွင် ၁၂-၂-၁၉၄၇ ရက်နေ့၌ ပင်လုံစာချုပ်ကြီးကို အားလုံးလက်မှတ်ရေးထိုးကြတော့သည်။ ကချင်၊ ချင်း၊ ကယား၊ ရှမ်း၊ ဗမာ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် ၄-၁-၁၉၄၈ ရက်နေ့ နံနက် ၄ နာရီ မိနစ်၂၀ တွင် လွတ်လပ်ရေးရခဲ့သည်။

ဖဆပလ ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်း ၁၉၆၃ ခုနှစ်မှစ၍ ပြည်ထောင်စုနေ့ကို လူထုအစည်းအဝေးကြီးများ၊ လူထုချီတက်ပွဲ၊ အလံတော်သယ်ယူလွှင့်တင်ပွဲများကို ပွဲလမ်းသဘင်များဖြင့် နှစ်စဉ်ကျင်းပလာခဲ့ကြသည်။ ပြည်သူများကိုယ်တိုင်ရွှင်ပြုံးတက်ကြွစွာ ပြည်ထောင်စုနေ့ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် ၅ ရပ်ကို ဤသို့ ချမှတ်ခဲ့သည်-

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

အထက်ဖော်ပြပါ ပြည်ထောင်စုနေ့ ဦးတည်ချက်များ ပြည့်ဝအောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် လက်တွေ့ဒိဋ္ဌအကျိုးခံစားရမည့်သူများမှာ ပြည်ထောင်စုဖွားသွေးချင်းသားချင်း တိုင်းရင်းသား မြန်မာပြည်သူများသာဖြစ်သည်ကို ရှင်းလင်းစွာ တွေ့နိုင်ကြပေသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးလုံးက နယ်ချဲ့ကျူးကျော်သူများကို သူ့ကျွန်မခံ ခုခံတွန်းလှန်စိတ်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ လွတ်လပ်ရေးပြန်လည်ရရှိရန်လည်း ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် မဆုတ်မနစ် ကြိုးပမ်းခဲ့ကြသည်။ နယ်ချဲ့သမားနှင့် ၎င်းတို့၏ လက်ပါးစေ-ကြေးစား အမျိုးသားသစ္စာဖောက်တို့၏ အကြမ်းဖက်မှုဖြင့် မြန်မာတိုင်းရင်းသားများ စစ်ဘေးရှောင်ဒုက္ခသည်များအဖြစ် အိုးအိမ်များ ဆုံးရှုံးခဲ့ကြရသည်။ ဤ အနုတ်လက္ခဏာများကို အပေါင်းလက္ခဏာ၊ အမြောက်လက္ခဏာများဖြစ်အောင် တိုင်းရင်းသားညီအစ်ကိုမောင်နှမ၊ ဆွေချင်းသားချင်းများက ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းသွားကြရန် တိုက်တွန်းနှိုးဆော်ရင်း (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပါစေ၊ ကြီးပွားတိုးတက်ပါစေဟု ဆုတောင်းလိုက်ပါသည်။ ။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၂-၂-၂၀၂၆ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 (PM10)၊ Sulphur Dioxide (SO2)၊ Nitrogen Dioxide (NO2)၊ Ozone (O3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန



## မုဒုံမြို့နယ်၌ အိုးအိမ်များ အားဖြည့်ပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်

မုဒုံ ဖေဖော်ဝါရီ ၁၀

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်၍ မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာနှင့် မြို့မ(၄) ရပ်ကွက်အတွင်းရှိ ဆင်းရဲနွမ်းပါးပြီး သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ယမန်နေ့က ကတုံးပေါ်ကျေးရွာ၌ စတင်ပြုလုပ်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်၍ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့စေတနာရှင်လုပ်အားပေးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံနှင့် မုဒုံမြို့နယ်အတွင်းရှိရပ်ကွက်ကိုးရပ်ကွက်၊ ကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၁၆၀၀ ကျော်ကို လေပြင်းဒဏ်ခံကြံ့ခိုင်စွမ်းအားရှိစေရန် အိုးအိမ်များကို အားဖြည့်ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ရာမည(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများက ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## အခြေခံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

လှိုင်ကော် ဖေဖော်ဝါရီ ၁၀

အခြေခံစက်ချုပ် နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြနှင့် သင်တန်းသူများ တက်ရောက်ကြပြီး ထူးချွန်သင်တန်းသူအား လုပ်ငန်းသုံး အပ်ချုပ်စက်တစ်လုံး ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ် နည်းပညာသင်တန်းကို ၂၆ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ဒေသနေတိုင်းရင်းသူ အမျိုးသမီးများအတွက် စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ မိသားစုဝင်ငွေ တိုးပွားရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ မေစု(ပြန်/ဆက်)



## မိုင်းပျဉ်းမြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မိုင်းပျဉ်း ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ မီးငြိမ်းသတ်လက်တွေ့ သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဈေး၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရမောင်တို့က မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြည့်ရှုစစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြို့မဈေးရှေ့၌ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များနှင့် မီးဘေးနှင့်ပတ်သက်၍ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဈေးသူဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ နန်းသန္တာဦး(ပြန်/ဆက်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ဦးစီးမှူးရုံးတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေ၏ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာ (Biometric) ကောက်ယူ၍ QR Code ပါပြီး ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်ပါ ကတ်အားထုတ်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်က အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိပြီးသူများအား ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

ကျော်ဆန်း

# ကင်ညာနိုင်ငံ၌ ဆိုလာစွမ်းအင်ပြပွဲ ကျင်းပ



နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၀

အာဖရိကဒေသတွင် အစိမ်းရောင်စွမ်းအင်ကူးပြောင်းရေးအတွက် The Intersolar Africa 2026 ဟုအမည်ရသည့် ဆိုလာစွမ်းအင်ပြပွဲတစ်ခုကို ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဆိုလာလုပ်ငန်းများမှ ဆိုလာစွမ်းအင်ဆိုင်ရာနည်းပညာများကို ပြသခဲ့သည်။ ၎င်းပြပွဲသို့ အစိုးရတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းများမှ အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အာဖရိကဒေသတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ ခံနိုင်ရည်ရှိစေရေးနှင့် အစိမ်းရောင်စွမ်းအင်ကူးပြောင်းရေးအတွက် ဆိုလာနည်းပညာများကို မြှင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း ကင်ညာနိုင်ငံ စွမ်းအင်နှင့်ရေနံဝန်ကြီးဌာန တာဝန်ရှိသူ အဲလပ်ဝါချီယာက ပြောကြားသည်။ ဆိုလာစွမ်းအင်သည် အာဖရိကဒေသ အစိမ်းရောင်စွမ်းအင်ကူးပြောင်းရေးနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်တင်းရေးအတွက် ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း စွမ်းအင်ဌာနတာဝန်ရှိသူ ဝက်စလေကီယီဂိုက ပြောကြားသည်။ နိုင်ငံအတွင်း၌ လက်ရှိအချိန်တွင် ဆိုလာလျှပ်စစ်တပ်ဆင်ထုတ်လွှတ်မှု များပြားလာကြောင်း သိရသည်။ ကင်ညာနိုင်ငံ၏ ဆိုလာလျှပ်စစ်ထုတ်လွှတ်မှုပမာဏသည် ၂၀၂၄ ခုနှစ်တွင် ၂၉၃၅ မီဂါဝပ်ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၄၄၉၈ မီဂါဝပ်သို့ ရောက်ရှိခဲ့သည်။ အာဖရိကဒေသသည် ဆိုလာလျှပ်စစ်ထုတ်ကုန်များအတွက် ဈေးကွက်ဖြစ်လာကြောင်း ကမ္ဘာလုံးဆိုင်ရာ ဆိုလာစွမ်းအင်ကောင်စီမှ တာဝန်ရှိသူ အက်ဆာက ပြောကြားသည်။ ဒေသတွင်း ယမန်နှစ်တွင် ဆိုလာလျှပ်စစ်ထုတ်လွှတ်မှု ၄ ဒသမ ၅ ဂီဂါဝပ်ရှိလာကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ပါကစ္စတန်၌ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကန်ဒေါ်လာ တစ်ဘီလီယံရင်းနှီးမြှုပ်နှံမည်

အစ္စလာမာဘတ် ဖေဖော်ဝါရီ ၁၀

ပါကစ္စတန်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ဒေါ်လာ တစ်ဘီလီယံကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က ပြောကြားသည်။

နိုင်ငံအတွင်း နိုင်ငံသားများ၏ လူမှုစီးပွားဘဝနှင့် ဒစ်ဂျစ်တယ်စီးပွားရေးမြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြင့် ဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကို ခိုင်မာစေမည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ လူငယ်များအား ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် လုပ်ပိုင်ခွင့်များ အများအပြားပေးနိုင်မည်ဟု သိရသည်။ နိုင်ငံအတွင်းရှိ စိုက်ပျိုးရေး၊ သတ္တုနှင့် သတ္တုသယံဇာတဆိုင်ရာလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် လူငယ်ရေးရာတို့တွင် ဉာဏ်ရည်တုနည်းပညာဖြင့် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်အနေဖြင့် ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင်ဖြစ်လာနိုင်သည့် စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ လူငယ်များအား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အသိပညာများပေးအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကျောင်းများတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သင်ကြားမည်ဖြစ်ပြီး ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပါရဂူဘွဲ့ပညာတော်သင်အစီအစဉ်များကိုလည်း ဆောင်ရွက်မည်ဟုသိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဝိုင်းမော်မြို့နယ် ဗလမင်းထင်တံတား၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၅၂၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၄၇၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၉၄၇၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ရေတာရှည်မြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၉ ဒသမ ၆၀၈ တန်၊ အခြားသစ် ၃ ဒသမ ၁၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၀၉၄၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်သုံးစီး၊ လိုင်စင်မဲ့ဆိုင်ကယ် ခုနစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၂၀၉၄၂ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၄ ရက်တွင် ငဖဲမြို့နယ်နှင့် သရက်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၃၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၉၈၃၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၉၈၃၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် သာပေါင်းမြို့နယ်၊ ကြံခင်းမြို့နယ်၊ ရေကြည်မြို့နယ်၊ ဖျာပုံမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၃၇၀ တန်နှင့် တရားမဝင်သစ်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၆၁၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၇၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ford Transit Mini Bus တစ်စီး၊ Iveco Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၆၃၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဇန်နဝါရီ ၃၀ ရက်၊ ဖေဖော်ဝါရီ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၈၂၅၉၈၂)ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၆ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၅၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၈၂၆၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၈၂၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ကျောက်တံခါးမြို့နယ်၊ နတ်တလင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၄၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၈၈၁၇၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက်တွင် ရွှေပြည်သာမြို့နယ် မုတ္တမဆိပ်ကမ်းနှင့် သာကေတမြို့နယ် သာကေတဆိပ်ကမ်းတို့၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်နှစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှုကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၄ မျိုး၊ လျှပ်စစ်ပစ္စည်း ၃၂ မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ လျှပ်စစ်ပစ္စည်း လေးမျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၁၀၄၉၃၇၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ MV. Shwe Yoon San ရေယာဉ်တစ်စင်း၊ MV. Citra ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၂၁၁၀၂၂၆) ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၃၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar (MPV) Micro Bus တစ်စီး၊ Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၉၈၆၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၂၀၉၈၆၀၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၁၂၆၉၃၈၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့၌ သာသနာ့အာဇာနည် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျားချောင်းကျေးရွာ မဏိမဏ္ဍလာဇေယျုကျောင်းတိုက်မှ သာမဏေကျော် သာသနဓဇမ္မော စရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏာယ၊ ဒွိပိဋကဓရ၊ (ပိဋကတ်နှစ်ပုံဆောင်)၊ သာသနာ့အာဇာနည် အရှင်သီလာနန္ဒာလင်္ကာရအား ပုနောပသမ္ပဒ ကံထပ်အလှူတော်နှင့် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မအူတန်းပဝါရဏာဂိုဏ်း အဓိပတိဆရာတော်ထံမှ ငါးပါး သီလခံယူတည်ဆောက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တသီရိကစ္စဏာဘိဝံသ အရှင်မြတ်က ကျေးဇူးတင်စကား မိန့်ကြားပြီး ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်က သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားပြီး အပူဇော်ခံ ဆရာတော် သာသနာ့အာဇာနည် အရှင်သီလာနန္ဒာလင်္ကာရအား ဘွဲ့လက်မှတ်အဆောင်အယောင်များ ဆက်ကပ်ပူဇော်ခဲ့ကြောင်း သိရသည်။ နေလင်း(ညောင်လေးပင်)

# နေပြည်တော်မြို့နယ်၌ အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်



ဇနေဖြူ ဖေဖော်ဝါရီ ၁၀

ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ စုစုပေါင်း ၆၃ ဦး ပါဝင်သည့် အဖွဲ့သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇနေဖြူမြို့နယ် ဆကာကြီးတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆကာကြီးတိုက်နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးသည်။

ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရောဂါ ၂၀၂ ဦး၊ ခွဲစိတ်ရောဂါ ၆၄ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ အကြောအဆစ်ရောဂါ ၁၂၈ ဦး၊ မျက်စိရောဂါ ၂၁၄ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၅၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၅ ဦး၊ စိတ်ကျန်းမာရေး၁၉ ဦး၊ အာထရာဆောင်းရိုက်လူနာ ၁၈ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၆ ဦး၊ အရိုးရောဂါ ၁၃၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၄ ဦးတို့အား ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်



ရှာင် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့ ဈေးတန်းရပ်ကွက်ရှိ မြို့မဈေးအား မီးလောင်/မီးလန့်မှုများ ဖြစ်ပွားခြင်းမရှိစေရေး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဇော်ဦး ဦးဆောင်သော သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန၌ မီးငြိမ်းသတ်ရေးဇာတ်တိုက်သရုပ်ပြပွဲ ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၈ ရက်က ရမည်းသင်းမြို့ အကျဉ်းထောင်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်က မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် ပတ်သက်သည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက စနစ်တကျ မီးငြိမ်းသတ်ရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နိုင်ရန်အတွက် ရေစိုအဝတ်များ၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်သရုပ်ပြကာ မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်သည်။ ခရိုင်(ပြန်/ဆက်)

# သာယာဝတီမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

သာယာဝတီ ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်)စီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် ကျွန်းကုန်းကျေးရွာရှိ ကျွန်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ၄၄ ဦး၏ နွေစပါးသီးနှံစိုက်ပျိုးဧက ၂၁၁ ဧကအနက် သမဝါယမအသင်းသားတောင်သူ ဦးစောထွန်းထွန်းဦး၏ နွေစပါးသီးနှံ ရေဆင်းပေါ်ဆန်း-၂ စိုက်ပျိုးမှုအခြေအနေကို သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ သာယာဝတီမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သာယာဝတီမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ရေတာရှည်မြို့နယ်၌ ပေါက်ချောင်းကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

ရေတာရှည် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ချောင်းကျေးရွာအတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေကျပ် ၁၈၃ ဒသမ ၃၄ ကျပ်သန်းဖြင့် ဆောင်ရွက်သည်။ လမ်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီပြုံးတို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဘုတ်ပြင်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြို့မဈေးကြီး၌ ပြုလုပ်သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရေသိုလှောင်ကန်၊ မီးငြိမ်းသတ်ဆေးဘူးများ စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ ၊ မြို့မဈေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက မီးငြိမ်းသတ်ယာဉ်၊ စည်ပင်သာယာရေး ရေသယ်ယာဉ်တို့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| **စုစုပေါင်း** | | | | | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင်ပါဝင်သော မေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း**နံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့် ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်း ပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ) ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး -၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး - ၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

**စာမျက်နှာ ၁၇ သို့ »»**

»» စာမျက်နှာ ၁၆ မှ

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ**။ ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်**။ ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်**။ ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကို ကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** – ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+) လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။ Exy သည် အနုတ်(–) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် တွဲဖက်ကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (–) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။ ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည် ဝယ်လိုအားအပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။ Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ ΔQ နှင့် ΔP တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ ΔQ နှင့် ΔY တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ' အခန်းတွင်** စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ်(–)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသောပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) 'စရိတ်သီအိုရီ' အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) 'စီးပွားရေးတိုးတက်မှု'**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့်သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့်သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင်မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည် ။}$$

စာမျက်နှာ ၁၈ သို့ »»

❖ ကျောဖုံးမှ

ပနားမီးပုစွန်ဖြူကို ကော့သောင်းခရိုင်၊ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်တို့တွင် မွေးမြူထုတ်လုပ်လျက်ရှိပြီး နှစ်ကေခွဲအကျယ်ရှိသော ပုစွန်ကန်တွင် သားပေါက်ကောင်ရေလေးသန်းခန့် ထည့်၍ သုံးလမွေးမြူကာ ကောင်ရေအကြီး၊ အသေးအလိုက် တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိသည်။ ပနားမီးပုစွန်ဖြူမွေးမြူရာ၌ မိုးရာသီတွင် ရေငန်နှုန်းကျဆင်းတတ်မှုကြောင့် ကောင်ရေလျော့၍မွေးမြူလေ့ရှိပြီး နွေရာသီရေငန်နှုန်းမြင့်တက်ချိန်တွင် ကောင်ရေတိုးမြှင့်၍ မွေးမြူလေ့ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရေထွက်ကုန်များကို ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက ဝင်ငွေနှစ်ဆ၊ သုံးဆမက ရရှိလာမည်ဖြစ်ပြီး ထိုသို့ကုန်ချောထုတ်လုပ်ပါက မြိတ်မြို့တွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးနှင့် စက်မှုဇုန်ကြီးပေါ်ထွန်းလာမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်း၍ ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့နိုင်မှုဖြင့် နှစ်စဉ် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ဥသာ၊ ဓာတ်ပုံ – ကိုလွင်**



တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန် ပနားမီးပုစွန်ဖြူမွေးမြူထုတ်လုပ်သည့် ပုစွန်ကန်များကို တွေ့ရစဉ်။



## အင်းစိန်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းစိန်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူး၍ မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မူကြိုကလေးများအား ကာယစွမ်းရည်ပြိုင်ပွဲအဖြစ် ရေသန့်ဘူးခွက်စွပ်ကစားနည်း၊ ပူဖောင်းဖောက်ကစားနည်း၊ အရုပ်ကောက်ကစားနည်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် ရာသီဥတုအသုံးအဆောင် ဆေးရောင်ခြယ်ကစားခြင်း၊ ပုံပြောခြင်း၊ သီချင်းဆိုခြင်းများကို ယှဉ်ပြိုင်ကြပြီး ဆုများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေနည်းမည့်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဖေဖော်ဝါရီ ဒုတိယ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

✪ MNL မှ

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသော်လည်း ကစားသမားအင်အားအသာရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစ ၁၅ မိနစ်အတွင်း နှစ်ဂိုးရခဲ့သဖြင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။ ခုနစ်မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဘာကာယိုကို၊ ၁၅ မိနစ်တွင် တိုက်စစ်မှူး စအောင်ပြည့်ကိုတို့က သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ်ဦးဆောင်နိုင်သလို ဒုတိယပိုင်းအစ နှစ်မိနစ်တွင် ရဲမင်းသူက ထောင့်ကန်ဘောမှတစ်ဆင့် တတိယဂိုးသွင်းယူခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၃ မိနစ်တွင် ဇင်မင်းရှိန်းက သွင်းယူခဲ့သည်။

ပွဲစဉ် ၁၇ ဒုတိယနေ့တွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် တစ်ယောက်အထုတ်ခံရသည့်အပြင် ဦးဆောင်ဂိုးပါပေးခဲ့ရသဖြင့် နောက်မှလိုက်ကစားခဲ့ရပြီး နောက်ကျဂိုးဖြင့် အနိုင်ရသဖြင့် နည်းပြသစ် ယုကီလက်ထက် ခြောက်ပွဲဆက်အနိုင်ရခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပသည့် ပွဲစဉ် ၁၇ ပထမနေ့၌ ဒဂုံစတားယူနိုက်တက်အသင်းက အား/ကာ သိပ္ပံအသင်းကို သုံးဂိုး–တစ်ဂိုး၊ ဟံသာဝတီယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် ၁၇ တတိယနေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ–MNL**

## တိုက်ကြီးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**တိုက်ကြီး ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့်



ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၉ ရက်က ဆောင်ရွက်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး နေအောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက မီးဘေးလုံခြုံရေး ဆောင်ရွက်ရမည့်အစီအစဉ်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်က မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့်အချက်များကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် ဈေးသူ ဈေးသားများက ဆီမီး၊ ဂက်စ်မီးငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ကိုအသုံးပြု၍ ရေပိုက်များဖြင့် မီးငြိမ်းသတ်နည်းတို့ကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ ရပ်ဝေးဒေသမှလာရောက်တာဝန်ထမ်းဆောင်ကြသော ဆရာ ဆရာမများအား ထောက်ပံ့ပေးအပ်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ရပ်ဝေးဒေသမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဆရာ ဆရာမများအား ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်လှိုင်က ကျောင်းကုန်းမြို့နယ်အတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်ကျော်၊ မြို့နယ်ကျော်များမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဆရာ ဆရာမ ၇၈ ဦးတို့အား တစ်ဦးလျှင် ဆန် ၁၀ ပြည်နှင့် ဆီ ၅၀ ကျပ်သားတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



»» စာမျက်နှာ ၁၇ မှ

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀}$$

ဥပမာ ၂၀၁၀ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀ ဖြစ်သည်။}$$

**နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း အတက်အကျဖြစ်ပုံအနေဖြင့်သုံးသပ်ရာတွင်** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်တွင် မြင့်တက်ပြီး မည်သည့်ခုနှစ်တွင် ကျဆင်းသွားသည်၊ ငွေဖောင်းပွမှုနှုန်းသည် မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်ပြီး / မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသည်ဖြင့် သုံးသပ်ဖြေဆိုနိုင်ပါသည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်မြင့်တက်နေပါက** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ဟု သုံးသပ်နိုင်သည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက** မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည်ဟု သုံးသပ်နိုင်သည်။

**ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်သုံးသပ်ရာတွင်သတိပြုရန်အချက်များမှာ** GDP ကျုံ့ကိန်းကို တွက်ချက်ရာတွင် ဒသမ (၃ နေရာ)အထိ ယူရမည်။ GDP ဈေးဆနှုန်းကိန်းကို ဒသမ (၁ နေရာ) အထိယူရမည်။ ငွေဖောင်းပွမှုနှုန်းကိုလည်း ဒသမ (၁ နေရာ) အထိယူရမည်။

**မေးခွန်းနံပါတ်(၅)ကိုဖြေဆိုရာတွင်သတိပြုရမည့်အချက်များမှာ** မေးခွန်းတွင်ဖော်ပြပါရှိသော ကိန်းဂဏန်းများကို အဖြေလွှာပေါ်သို့ပြန်လည်ကူးယူရာတွင် မှားယွင်းမှုမရှိစေရန်နှင့် Calculator ကို အသုံးပြုတွက်ချက်ရာတွင် ရရှိသောအဖြေကို နောက်ထပ်တစ်ကြိမ် ပြန်လည်စစ်ဆေးခြင်းပြုလုပ်ရန်တို့ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကိုရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများအတွက်ပေးမှတ်မှာ (၅၀)မှတ်ဖြစ်သဖြင့် ယင်းမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဥပဒေရေးရာဝန်ကြီးဌာန
## ကြေညာချက်

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ၈-၂-၂၀၂၆ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိ အဆင့်(၄) ရာထူး အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည် -

ခုံအမှတ်

| | | | | | | |
|---|---|---|---|---|---|---|
| နပတ-၁ | နပတ-၄ | နပတ-၂၁ | နပတ-၂၄ | နပတ- ၃၂ | နပတ-၃၈ | နပတ-၈၁ |
| နပတ-၈၇ | နပတ-၈၈ | နပတ-၉၀ | နပတ-၁၀၉ | နပတ-၁၁၁ | နပတ-၁၂၄ | နပတ-၁၃၆ |
| နပတ-၁၄၄ | နပတ-၁၄၅ | နပတ-၁၄၆ | နပတ-၁၄၇ | နပတ-၁၄၈ | နပတ-၁၅၁ | နပတ-၁၅၄ |
| နပတ-၁၅၅ | နပတ-၁၆၁ | နပတ-၁၆၃ | နပတ-၁၆၅ | နပတ-၁၇၂ | နပတ-၁၇၃ | နပတ-၁၇၅ |
| နပတ-၁၈၇ | နပတ-၁၈၈ | နပတ-၁၈၉ | နပတ-၁၉၃ | နပတ-၁၉၆ | နပတ-၁၉၉ | နပတ-၂၀၁ |
| နပတ-၂၀၃ | နပတ-၂၀၄ | နပတ-၂၀၈ | နပတ-၂၁၀ | နပတ-၂၁၁ | နပတ-၂၁၂ | နပတ-၂၁၄ |
| နပတ-၂၃၄ | နပတ-၂၄၂ | နပတ-၂၆၀ | နပတ-၂၇၅ | နပတ-၂၉၁ | နပတ-၃၀၆ | နပတ-၃၃၃ |
| နပတ-၃၃၄ | နပတ-၃၃၅ | နပတ-၃၄၄ | နပတ-၃၄၅ | နပတ-၃၄၆ | နပတ-၃၄၇ | နပတ-၃၅၀ |
| နပတ-၃၅၁ | နပတ-၃၆၆ | နပတ-၃၆၇ | နပတ-၃၇၈ | နပတ-၄၀၇ | နပတ-၄၁၄ | နပတ-၄၁၅ |
| နပတ-၄၁၆ | နပတ-၄၁၉ | နပတ-၄၃၁ | နပတ-၄၃၇ | နပတ-၄၄၁ | နပတ-၄၄၄ | နပတ-၄၅၆ |
| နပတ-၄၆၁ | နပတ-၄၆၅ | နပတ-၄၇၀ | နပတ-၄၇၄ | နပတ-၄၇၅ | နပတ-၄၇၇ | နပတ-၄၇၈ |
| နပတ-၄၈၃ | နပတ-၅၀၄ | နပတ-၅၁၄ | နပတ-၅၂၉ | နပတ-၅၃၁ | နပတ-၅၃၄ | နပတ-၅၄၆ |
| နပတ-၅၆၄ | နပတ-၅၆၇ | နပတ-၅၆၉ | နပတ-၅၈၄ | နပတ-၆၀၀ | နပတ-၆၀၅ | နပတ-၆၁၆ |

၂။ ဥပဒေအရာရှိအဆင့်(၄)ရာထူး အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများအား ၂၃-၂-၂၀၂၆ ရက်နေ့မှ ၂၄-၂-၂၀၂၆ ရက်နေ့ထိ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။ ၂၁-၂-၂၀၂၆ ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၂၅)၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲသို့ ဥပဒေဘွဲ့လက်မှတ်(မူရင်း)၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ၁၅-၂-၂၀၂၆ ရက်နေ့နောက်ပိုင်း ကျန်းမာကြောင်းထောက်ခံချက်(မူရင်း) တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ ကြရန်ဖြစ်ပါသည်။

၃။ အောင်မြင်သူများစာရင်းကို ဥပဒေရေးရာဝန်ကြီးဌာန **website** ဖြစ်သည့် **www.mola.gov.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဥပဒေရေးရာဝန်ကြီးဌာန**





## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၄ (အသံအနံ့) စက်မှုဇုန်ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ်-(၃၄၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-(၁၄၄)၊ မြေကွက်အမှတ်- (၃၄၉)၊ အကျယ်အဝန်း (၄၀x၆၀) ပေရှိ **စက်မှုလက်မှုပါမစ်မြေ** အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးနေမျိုးဝင်း [၁၄/ဟသတ (နိုင်) ၀၄၃၇၇၂]** မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးမောင်မောင် [၁၂/ဒဂတ(နိုင်) ၁၃၅၁၀၄]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၇၆၄)**
**အမှတ်- ၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ (၁) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09-780054060**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းဆောင်၏ သားမောင်ဇင်မင်းထိုက် [၁၄/ပတန (နိုင်) ၁၄၄၁၇၄]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၄၀၈၉၄၈၀၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၂-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဦးတင်လှ၏အမည်ပြောင်းတွင်မှတ်ပုံတင်အမှတ်(၁၂/သဃက(နိုင်)၀၂၃၀၈၃)ဟု အမှန်ဖတ်ရှုပါရန်။

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ အမှတ်(၁၀) ရပ်ကွက်၊ ဆားမြေကျင်းလမ်းနေ ဦးကျော်ဇင်ထွန်း [၁၂/ခရန(နိုင်)၁၄၂၇၈၀] နှင့် မစန္ဒာလင်း [၁၂/ခရန(နိုင်)၁၇၄၅၀၄] ကိုင်ဆောင်သူတို့သည် (၆-၂-၂၀၂၆)ရက်နေ့တွင် နှစ်ဖက်လူကြီးများကို အသိသက်သေထားရှိကာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွှယ်မှု အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ထွန်းနှင့် ဒေါ်စန္ဒာလင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နီလာဝင်း(အယ်လ်အယ်လ်ဘီ)** | **ဦးရဲနောင် (အယ်လ်အယ်လ်ဘီ)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၁၀၂)** | **(စဉ်-၁၇၆၆၁)** |
| **အမှတ်(၂၈၆) ကြို့ဆိုပါ၏ကုန်းထိပ်၊** | **ခြံအမှတ်(စီ-၂၀၀)၊ နဝဒေးလမ်း၊** |
| **အမှတ်(၁၂)ရပ်ကွက်၊ ခရမ်းမြို့။** | **အမှတ်(၃)ရပ်ကွက်၊ ခရမ်းမြို့။** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ စပ်စံထွန်းလမ်း၊ မြေကွက်အမှတ်(၁၀၆၃)၊ မြေအကျယ် အဝန်း (၄၀x၆၀)ပေရှိဦးစံသိန်း(၂) အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော အဆောက်အအုံအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ် အိအိမွန် [၁၂/ကမတ(နိုင်) ၀၆၅၂၄၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဲမို့မို့ [၁၂/ဒဂရ(နိုင်) ၀၂၅၆၃၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဲမို့မို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL,101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၆)၊ မြေကွက်အမှတ်(၃၀၁)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမောင်ဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေပါမစ်မူရင်းခြမ်းမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်မာလာ [၁၂/ဒဂမ(နိုင်) ၀၀၂၄၆၉]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာထွေး [၁၂/ဒဂရ(နိုင်)၀၄၂၀၄၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL,101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းရွာနေ မိခင် ဒေါ်သီတာဝင်း [၉/သပက (နိုင်) ၀၄၀၆၀၀] ကိုင်ဆောင်သူ၏သား မောင်ကြယ်စင်မင်း [၉/ဇဗသ(နိုင်) ၀၀၇၆၂၈]သည် ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်ကြယ်စင်မင်းနှင့် ပတ်သက်ဆက်နွှယ်သည့်ကိစ္စကို တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် - ဒေါ်သီတာဝင်း**
**[၉/သပက (နိုင်) ၀၄၀၆၀၀]**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ သန်လျင်မြောက်ကွင်း၊ ကွင်းအမှတ် (၆၈၄)၊ ဦးပိုင်အမှတ် (၃၆/က/၁)၊ မြေကွက်ဧရိယာ (၂.၅၂ ဧက)အနက်မှ (၀.၀၅၅ ဧက)၊ မြေကွက်တည်နေရာ ခြံအမှတ် (၁၅)၊ ဦးစိုးလွင်လမ်းနှင့် ဦးစိုးလွင်လမ်းသွယ်ထောင့်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)အကျယ် (အနောက်လှည့်/မြောက်လှည့်) ထောင့်ကွက်ဟုခေါ်တွင်သော RPNO-၄၂၂/V /၂၀၁၅-၂၀၁၆ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (17-6-2020 မှ 16-6-2050) ဒေါ်သင်းသင်းစိုးလွင် [၁၂/ဗတထ(နိုင်)၀၁၀၀၃၂] အမည်ပေါက် နှစ်(၉၀) (စက်မှု/စီးပွားမြေငှားဂရန်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေအဝီစိတွင်းပါဝင်သော တစ်ထပ် ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဒေါ်ခင်သီတာထွန်း [၁၂/သကတ(နိုင်)၂၃၈၅၂၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလွင်ညီညီလတ် [၁၂/ဗတထ(နိုင်)၀၃၄၂၂၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်နော်ဆည်းဇာ(LL.B)** | **ဒေါ်မြင့်မြင့်သန်း (LL.M)** |
| **(စဉ်- ၁၃၁၈၁/၁၇)** | **(စဉ်- ၁၂၆၃၇/၁၇)** | **(စဉ်- ၁၃၂၄၀/၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃/၂၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး(ရုံးတော်ရပ်)၊ ပဲခူးစုရပ်ကွက်၊ ကျားဘုရားရှေ့၊ သန်လျင်မြို့။ ဖုန်း - 09-5173758 , 09-5173759**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ စက်မှုလမ်း၊ အမှတ်-၉၂၁(က+ခ) အလျားxအနံ (၄၀x၆၀)ပေရှိသော မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အိုးအိမ်ဦးစီးဌာနတို့တွင် ဒေါ်ညွန့်စိန်နှင့် ဒေါ်ခင်ခင်ကျော် အမည်ပေါက် မြေချပါမစ်မြေများဖြစ်ပြီး ယင်းမြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်ဦးမှ (၁၇-၇-၂၀၁၅)ရက်နေ့တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုတိုင် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်များအား ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင်ဦး တစ်ဦးတည်းကသာ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံ လွှဲပြောင်းခြင်း ပြုလုပ်နိုင်သူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေဦးဝင်းနိုင်ဦး၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ စီမံဆောင်ရွက်၊ လွှဲပြောင်းခွင့်မရှိပါကြောင်းနှင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းနိုင်ဦး** | **ဦးအောင်ကျော်ဆန်း (LL.B)** |

**အထက်တန်းရှေ့နေ (စဉ်-၄၉၁၇၇)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ 09-898446262**

## "ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၅)မြေညီထပ်(ခြေရင်းခန်း) အကျယ်အဝန်း(၁၃ပေx ၅၀ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ဦးအန်းအန်း [၁၂/လမန(နိုင်)၁၅၆၄၀၆]မှ မိခင်ဖြစ်သူ ဒေါ်တွမ်းချင်းလန် [၁၃/မတန(နိုင်)၀၁၅၈၄၅] (၁-၁၁-၂၀၂၅)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် ပိုင်ဆိုင်လာခဲ့ပြီး အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဒေါ်ယွန်းပွင့်မိကို [၁၃/တကန(နိုင်) ၃၁၀၇၂၈] ၂။ ဒေါ်လွန်းနေနေဗို [၁၃/တကန(နိုင်)၃၁၀၇၂၉]တို့မှ (၉-၂-၂၀၂၆) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယွန်းပွင့်မိကိုနှင့် ဒေါ်လွန်းနေနေဗိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၂၄၂၄၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ အဆင့်(၅)၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ် (၉)၊ အခန်းအမှတ် (၄၃)၊ (၆-လွှာ)၊ အကျယ်အဝန်း (အလျား ၂၅ ပေx အနံ ၃၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းပြီး တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကေသီအောင် [၈/ပခက(နိုင်)၁၄၂၀၁၅] (ဘ) ဦးအောင်ချင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးလှိုင် [၇/ဖမန(နိုင်)၀၉၈၅၇၀] (ဘ) ဦးသန်းမောင်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသန္တာကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၇၉၁/၂၀၁၈)**
**အမှတ်-၅၀၊ ဒုတိယထပ်(ဝဲ)၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၈၀၃၅၀၉၂**

# ဥတု ရာသီ တောကို မှီ၏

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၉)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(၃၆/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးတင်အောင် (CI-၀၀၆၂၂၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုရောင်းချသူ ဒေါ်သင်းမြမြထွေး [၁၂/မဂဒ (နိုင်) ၁၄၅၆၉၀]က ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနုအောင်နှင့် ဒေါ်လင်းလင်းသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊**
**(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၄၁၅၃၄၇၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ည)၊ ဦးပိုင်အမှတ်(၃၄)၊ ၆၉x၇၀ ကြား၊ ၁၀၂x၁၀၂(A)လမ်းကြားရှိ ဒေါ်ခင်မာအေး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အေးအေးစမ်းက တရားပြိုင် ဒေါ်ခင်မာအေး (၎င်း၏ SP ရသူ ဦးမဟ်မူဒူးဟာဆန်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၆၇/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အေးအေးစမ်း [၉/မရတ (နိုင်) ၀၄၅၁၆၀]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁ ရပ်ကွက်၊ ဇေယျာအေးမြ ၂ လမ်း၊ အမှတ်- ၃၈၅၊ ၂ ခန်းတွဲ ၆ ထပ်အဆောက်အဦ၏ စတုတ္ထထပ်၊ ၅ လွှာ/ဝဲတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်မျိုးမျိုးဝင်း [၁၂/မရက(နိုင်) ၁၂၈၆၃၉]ကိုင်ဆောင်သူက ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မင်းအောင် [၁၂/သဃက (နိုင်)၀၅၆၀၉၄] ကိုင်ဆောင်သူနှင့် နော်လားဂေးဝါးဖော [၁၂/သဃက(နိုင်) ၁၅၃၀၈၇] ကိုင်ဆောင်သူတို့က လက်ရောက်အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မင်းအောင် နှင့် နော်လားဂေးဝါးဖောတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အင်းစိန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် Digital Mobile X-ray(Shimadzu)(100mA) စက်၏ Detector အား ပြုပြင်လဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချသည့်အချိန်- | ၁၀-၂-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |
| တင်ဒါပိတ်သည့်ရက်နှင့်အချိန်- | ၂၃-၂-၂၀၂၆ ရက် (တနင်္လာနေ့) |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အင်းစိန်ပြည်သူ့ဆေးရုံကြီး**
**ဖုန်း- ၀၁၃-၆၄၀၅၂၃၊ ၀၁၃-၆၄၀၁၃၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃

| | | |
|---|---|---|
| ဒေါ်ငွေငွေဝင်း | နှင့် | ဦးသန်းစိန် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ နိဂြောဓလမ်း၊ ပထမထပ်(ဘယ်)၊ အမှတ်- (၂၇)နေ တရားပြိုင်ဦးသန်းစိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလှိုင်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း

ပြည်မြို့နေ [၉/မကန (နိုင်) ၁၆၁၅၃၂] ကိုင်ဆောင်သူ ကျွန်မ ဒေါ်မျိုးဝတ်မှုံဖံ၏ ဖခင်အမည်မှာ ဦးမျိုးလွင်ဦးနှင့် ဦးမျိုးလွင် ဟူ၍ အမည်များ ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၁)၊ ဦးပိုင်အမှတ် (၄၄-င)၊ ၈၆လမ်း၊ ၂၉x၃၀ လမ်းကြားရှိ ဦးကျင်မောင် + ဒေါ်ကျင်မြ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးကျင်မောင်၊ မိခင် ဒေါ်ကျင်မြ၊ သမီး ဒေါ်ပိုးစွမ်နှင့် ခင်ပွန်း ဦးမောင်ဟန်(ခ) ပီယူဟန်၊ မြေး ဦးနေလင်းယု (လူပျိုဘဝ)၊ သား ဦးလှရွှေ၊ သား ဦးလှသိန်းတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး၊ မြေး၊ ချွေးမတို့ဖြစ်ကြသော ဦးတင့်လွင်(ခ) ထွန်းမြတ်[၁၂/လသန(နိုင်) ၀၀၈၀၆၉]၊ ဒေါ်သင်းသင်းယု [၁၂/လသန(နိုင်) ၀၀၈၀၇၀]၊ ဒေါ်ငွေငွေ [၉/မနတ (နိုင်) ၀၅၄၄၄၇]၊ ဦးလှမြင့် (ခ) အကောက် [၉/မနတ(နိုင်) ၀၅၄၄၆၉]၊ ဒေါ်ကုလားမ [၁၂/ကမတ (နိုင်) ၀၄၅၄၅၃]၊ ဒေါ်ပြုံးရီ [၁၂/သခန (နိုင်) ၀၆၅၇၀၉]၊ ဦးလှသန်း [၇/ပခန (နိုင်) ၁၇၁၅၃၆]၊ ဒေါ်လှလှဝင်း [၇/ပခန (နိုင်) ၁၇၁၅၃၈]၊ ဒေါ်မြမြဝင်း [၉/မနတ(နိုင်)၀၅၄၄၄၉]၊ ဦးအောင်ထွန်းနိုင် [၇/ပခန (နိုင်) ၁၇၁၅၃၉] တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ် (၈၇+၈၈)၏ မြောက်ဘက်ခြမ်း ခဲစင်း၊ ၅၅လမ်း၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဦးခင်မောင်ငွေ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ် (၃၃၀၀/၂၀၁၁)ဖြင့် ဦးကျော်ဇောဝေ၊ ဦးကျော်ဇောလင်း၊ ဒေါ်အိဇာထွေး၊ ဦးသိန်းသန်းဟိန်း၊ ဒေါ်ဇူးဇူးအောင်တို့ (၅)ဦးက အမွေဆက်ခံခဲ့ပြီး ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၂၉၇/၂၀၂၅)ဖြင့် ဦးစောနိုင်ဦးက ဝယ်ယူခဲ့ပြီး ဖခင် ဦးစောနိုင်ဦး၊ မိခင် ဒေါ်မြင့်မြင့်ကြည်(ခ) ဒေါ်မြင့်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်စောမိုးမိုးလတ် [၉/မရတ(နိုင်)၀၀၄၅၁၁]၊ ဒေါ်စောယုအောင် [၉/မရတ (နိုင်) ၀၀၄၅၁၀]၊ ဦးစောလင်းထက် [၉/မရတ(နိုင်) ၁၂၁၈၉၈]၊ ဒေါ်စောမြတ်ပတ္တမြား [၉/ခမစ(နိုင်)၀၁၆၉၀၉]တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## Yangon Y Rural Development Microfinance Co., Ltd. ၏ BOD အဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်ခြင်း

Yangon Y Rural Development Microfinance Co., Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၀၇၂၅၃၇၅၀၊ လုပ်ငန်းလိုင်စင်အမှတ်- ၀၃၀၇/၂၀၁၉(ယာယီ)၏ ယခင် BOD အဖွဲ့ဝင်ဒါရိုက်တာဖြစ်သော ဦးတင်လှ [မှတ်ပုံတင်အမှတ်-၅/ခလတ(နိုင်)၀၁၁၈၀၈]အား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် နုတ်ထွက်ကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

**Naw Sandra Loo-Nee**
**Managing Director**
**Yangon Y Rural Development Microfinance Co., Ltd.**

## SUKURA TOKO LAUNDRY SERVICES COMPANY LIMITED
## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅၂(က)၊ နည်းဥပဒေပုဒ်မ ၁၅ အရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၆ခုနှစ်၊ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ SUKURA TOKO LAUNDRY SERVICES COMPANY LIMITED အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သက်မာစိုး (MAIP-00238, PAPP 900)အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဒေါ်သက်မာစိုး**
**B Com, C.P.A-PAPP-900, MAIP-00238**

## SAKURA HEALTH & EDUCATION FOUNDATION
## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅၂(က)၊ နည်းဥပဒေ ပုဒ်မ ၁၅ အရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၆ခုနှစ်၊ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ SAKURA HEALTH & EDUCATION FOUNDATION အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သက်မာစိုး (MAIP -00238, PAPP 900) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဒေါ်သက်မာစိုး**
**B Com, C.P.A-PAPP-900, MAIP-00238.**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ် (၉၀)ဈေးချို၊ ဦးပိုင်အမှတ်(၂/ဟ)၊ ဧရိယာ (၀.၀၂၂)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနမှတ်ပုံတင်(၁-က)စာရင်းတွင် ဦးမင်းသိမ်း အမည်ပေါက်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းသိမ်း ထံမှ ဦးအီစမိုင်က "အိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် -၅၈၇/၂၀၂၅ အရဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးအီစမိုင်က ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးအီစမိုင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့ နယ်၊ လလ ၄၀,၅၄,၅၅၊ ၅၅ လမ်း ၁၄၀ ဘီ လမ်းထောင့်တွင် နေထိုင်သော ဒေါ်ထက်ရည်မွန်၊ မှတ်ပုံတင်အမှတ်[၁၃/လရန(ပြု)၀၀၀၃၂၈] သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number- T/2025/006024၊ T/2025/006017 နှင့် T/2025/006023 ဖြင့် လျှောက်ထားချက်များအား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

| | | |
|---|---|---|
| **လျှောက်လွှာနံပါတ် - T/2025/006024** | **လျှောက်လွှာနံပါတ် - T/2025/006017** | **လျှောက်လွှာနံပါတ် - T/2025/006023** |

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ပူစီဖောင်း၊ ပလတ်စတစ်အိတ်၊ တစ်ရှူး၊ သွားကြားထိုးတံ၊ စက္ကူခွက်၊ ဝါးတူ၊ ပန်းကန်၊ ဇွန်း၊ ပိုက်၊ cake set နှင့် အခြားလူသုံးကုန်ပစ္စည်းများအား ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည့်အပြင် မိမိ၏ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ နာမည်တူ/လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ Social Media Platform များတွင် ကူးယူတုပ သုံးစွဲခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထက်ရည်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L,D.I.P.L)** | **ဒေါ်ဇင်မာအောင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၃၇)** | **အထက်တန်းရှေ့နေ (စဉ်- ၅၂၆၄၆)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၈၊ မြေကွက်အမှတ်- ၇၈၁၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)အကျယ်ရှိ ဒေါ်ခင်မူတင့် အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၇၈၁၊ ဟန်လင်းလမ်း၊ ၁၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေနှင့် သီးပင်၊ စားပင်များအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားအကျိုးခံစားလျက်ရှိသူဖြစ်ကြောင်းနှင့် မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးသက်ခိုင်လတ် [၇/အတန(နိုင်)၀၅၇၇၅၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေများ** |
|---|---|---|
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)** | **ဒေါ်အိအိစံ (စဉ်- ၁၀၂၁၈)** | **ဦးမင်းမင်း (စဉ်-၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု (စဉ်- ၁၄၁၈၄)** | **ဒေါ်စိုးစိုးနွယ် (စဉ်- ၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း- ၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ လူနေရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်- ၁၉၂၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိနှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်(၂)လမ်း၊ အမှတ်- ၁၉၂ ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေယာဌာနတွင် အမည်ပေါက်သူ ဒေါ်တင်ကြည်(AC ၀၂၆၈၆၂)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားသူ ဒေါ်ဝင်းကြည် [၁၂/မရက (နိုင်)၀၆၁၃၅၈] မှ မိမိသာလျှင် တရားဝင်လက်ဝယ်ရှိပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန္တာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၄၉၈၁/၂၀၁၀)**
**အမှတ်–၆၄၂/ခ၊ ဗညားနွဲ့လမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၅၈၁၂၃၀၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ်(၄၁)နေ ဦးကျော်ရွှေ[၁၂/လမန(နိုင်)၀၁၅၇၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

အထက်ပါလိပ်စာတွင် "ငှရွှေဝါ"အမည်ဖြင့် ဆေးခန်းဖွင့်လှစ်ထားသူ ကျွန်ုပ်မိတ်ဆွ ဆရာဝန် ဦးကျော်ရွှေသည် Social Media Platform (Facebook) တွင် "Kyaw Shwe" ဟူသောအမည်ဖြင့် မဟာသတိပဋ္ဌာန်တရားတော်များ မျှဝေပေးနေရာတွင် ကျွန်ုပ်မိတ်ဆွေ၏အမည် "ကျော်ရွှေ"၊ ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံများကို အသုံးပြု၍ Social Media Platform ပေါ်တွင် Facebook account တု ဖန်တီးကာ လူမှုရေး၊ စီးပွားရေး ပြဿနာများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် အလွဲသုံးစားပြုလုပ် ဖော်ပြလျက်ရှိနေကြောင်း တွေ့ရှိရပါသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးကျော်ရွှေသည် အဆိုပါကိစ္စရပ်များအား ယခင်/ယခု မည်သည့်အခါကမျှ လုံးဝ(လုံးဝ) ပြုလုပ်မှုမရှိပါကြောင်းနှင့် အဆိုပါကိစ္စရပ်များအတွက် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ထပ်မံတွေ့ရှိရပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးကျော်ရွှေ** | **ဒေါ်မြင့်သန္တာထွန်း (LL.B)** |
| **[၁၂/လမန(နိုင်)၀၁၅၇၄၇]** | **အထက်တန်းရှေ့နေ (စဉ်– ၂၄၉၈၁/၂၀၁၀)** |

**အမှတ်–၆၄၂/ခ၊ ဗညားနွဲ့လမ်း၊ ၃၈–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၉၅၈၁၂၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၂)၊ အမှတ်(၂)ပေါ်တွင် တရားဝင်တည်ထောင်ထားသော Gallant Ocean Trading Co., Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်– ၁၂၅၉၇၁၈၀၀၆)၏ ကုမ္ပဏီပိုင်ရှယ်ယာများ၊ ၎င်းလုပ်ငန်းနှင့် ဆက်စပ်သက်ဆိုင်သောစက်ယန္တရား၊ စက်ကိရိယာများ၊ လိုင်စင်ခွင့်ပြုမိန့်နှင့် အရည်အသွေးလက်မှတ်များစသည့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ၎င်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သော ဒေါ်သင်းသင်းအိ မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်မ၏မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤရောင်းဝယ်မှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Zhoushan Longyu International Trade Co., Ltd ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စပါယ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၄၇၇)**
**အမှတ်–၂၃၊ အခန်း– ၆၀၅/က၊ မြကန်သာလမ်း၊ ၅ ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၂၄၇၆၃၇၃၊ ၀၉–၂၀၂၉၄၉၄**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

လပွတ္တာမြို့၊ အမှတ် (၄) ရပ်ကွက်၊ စည်ပင်သာယာလမ်း၊ အိမ်အမှတ် (၁၈၇) တွင် နေထိုင်သူ ဖြစ်သော ဒေါ်ချိုချိုဝင်း (ဘ) ဦးလှရွှေ[၁၄/လပတ (နိုင်)၀၁၀၀၉၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ (၃) မိုင်မြို့သစ်၊ မြေတိုင်းကွင်းအမှတ် (၅၈၀)၊ မြေကွက်အမှတ် (၁၂၁၃)၊ ဧရိယာ (၀.၂၇၀)ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ် (၁၂၁၄)၊ ဧရိယာ (၀.၂၆၄) ဧကရှိ မြေကွက်များအား အထက်အမည်ပါ ဒေါ်ချိုချိုဝင်းနှင့် ၎င်း၏ ခင်ပွန်း ဖြစ်သူ ဦးအောင်ထွေးတို့မှ သက်ဆိုင်ရာမြေရာချထားရေးကော်မတီသို့ သတ်မှတ်ငွေများအား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပေးသွင်းထားရှိပြီးဖြစ်၍ ဒေါ်ချိုချိုဝင်းမှ မြေပေးမိန့်များ လျှောက်ထားရယူရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ မြေပေးမိန့်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက မြေပေးမိန့်လျှောက်ထားမှုကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ချိုချိုဝင်း** | **ဦးသန့်ဇင်ဦး (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၈၁)**
**၂၁/၉ ကုန်သည်လမ်း၊ လပွတ္တာမြို့။**
**09–693926274**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် (၃၉) ဟုခေါ်တွင်သော (၁)ခန်းတွဲ၊ (၈ ½)ထပ်အဆောက်အဦ၏ တတိယထပ်၊ ၄–လွှာ၊ (၂၅ ပေx ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်စုံအောင် [၁၂/သဃက (နိုင်) ၀၆၁၇၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၄၃၁၁၃၂၁၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်– ၁ ရပ်ကွက်၊ အကွက်အမှတ်(တ–၇/ဏ)၊ ဦးပိုင်အမှတ်(၇)ခဲစင်း၊ ၆၈x၆၉ ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း [၁၂/မဂဒ (နိုင်) ၀၇၆၄၁၂]က အမှုတွဲအမှတ် (၅၁၂၁/၂၀၂၅–၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၅၈)၊ မြေကွက်အမှတ်– (၅၇၇)၊ ဧရိယာ–(၂၀'x၆၀') အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်နိုင်ဦး [၅/ပလန (နိုင်) ၀၄၄၇၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းထွန်း [၁၀/ကမရ (နိုင်) ၀၁၇၅၆၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ်(၇၉၄/က)၏ မြေအကျယ်အဝန်း (၂၀x ၆၀)ပေရှိ ဦးကြီးမြင့်[၁၂/ဥကမ(နိုင်)၁၁၄၃၉၅] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အိအိထွန်း [၁၂/ဒဂရ(နိုင်)၀၁၂၅၆၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၇၅၁၂၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ESTELLA TOWN HOUSE၊ မြေနှင့်အဆောက်အအုံအမှတ် ETH – 946၊ LANE–22၊ ဧရိယာ (၁၂၁၀) စတုရန်းပေ၊ တည်ဆောက်ပြီးဧရိယာ (၁၂၇၇) စတုရန်းပေရှိ အိမ်ခြံမြေနှင့် ယင်းနှင့်ဆက်စပ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအဆောက်အအုံနှင့် ပတ်သက်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်နိုးဝေ [၁၂/အလန (နိုင်) ၀၄၈၃၆၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မဥ္ဇူဇော် [၁၂/လသန (နိုင်) ၀၀၀၉၃၇]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးသန့်ဇော်လွင် (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်– ၁၄၆၂၃)**
**အမှတ် (၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်(၄/တောင်)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၈၃/ခ)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃လွှာ) (၁၈x၅၄)ပေ၊ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်လှလှမိုး (ဘ) ဦးသံချောင်း [၁၂/ဒပန(နိုင်)၀၄၂၆၆၅]က အရှုပ်အရှင်းမရှိ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေကလည်း ယင်းတန်ဖိုးဖြင့်ပင် ဝယ်ယူရန် သဘောတူပြီး (၇–၂–၂၀၂၆)ရက်နေ့တွင်တိုက်ခန်း၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်းများ)နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဇင်ဇင်ဦး** | **ဒေါ်နှင်းမြတ်မော်** | **ဒေါ်ဟန်နီစိုး** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၃၅၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၂၃၅)** | **အထက်တန်းရှေ့နေ(စဉ်–၄၉၈၄၄)** |

**အမှတ်(၄၂၄)၊ ဘိုးရာဇာလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၄၀၀၈၉၆၃၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊မြေကွက်အမှတ်(၄၄၀)၊အကျယ်အဝန်း(၂၄၀၀)စတုရန်းပေအကျယ်ရှိဦးလွန်းမောင်အမည်ပေါက်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်(အရပ်ခေါ်)အမှတ်(၄၄၀)၊ဖိုးရာဇာလမ်း၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်) ဟုခေါ်တွင်သည့် မြေကွက်နှင့်နှစ်ထပ်တိုက်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုတရားဝင် အမွေဆက်ခံ၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြုသူသား၊သမီးများဖြစ်သော၁။ဦးအောင်မြင်(၁၂/အစန(နိုင်)၀၁၂၄၉၃)+၃တို့ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကဥပဒေနှင့်အညီဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဒေါ်အိသန္တာပိုင်သူ(LL.B ) | ဒေါ်ဆုလဲ့လဲ့နိုင်(LL.B) |
| အထက်တန်းရှေ့နေ (စဉ်–၅၅၀၃၃) | အထက်တန်းရှေ့နေ (စဉ်–၅၅၂၅၄) |

09-400 860 081, 09-4080 988 22, 09-45888 7918,
အမှတ် (1/A2)၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၇)၊ မေယုလမ်း၊ မြေကွက်အမှတ် - ၆၁၆၊ အကျယ်အဝန်း (၄၀' x ၆၀')ပေရှိ ဦးကျော်စွာ အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူ (၂)လမ်း၊ အမှတ် (၅)နေ ဦးအောင်နိုင် (၁၂/ရကန (နိုင်) ၀၂၇၄၂၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် –

ကျွန်ုပ်မိတ်ဆွေ ဦးအောင်နိုင်၏ဖခင် ဦးကျော်စွာအမည်ပေါက်ထားသည့် အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမောင်နှမများမှ အမွေဆက်ခံပိုင်ဆိုင်ထားသည့်မြေကွက်ဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ ဦးအောင်နိုင်မှ အထက်ပါမြေကွက်နှင့်စပ်လျဉ်းသည့် ဦးကျော်စွာအမည်ပေါက်ပါမစ်မူရင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအား လက်ဝယ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဦးအောင်နိုင်မှ မည်သူ့တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိပါကြောင်းနှင့် ဦးကျော်စွာ၏သားသမီးများသဘောတူညီချက်မပါရှိဘဲ မည်သူ့ကိုမျှ အထက်ပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်သူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်သဲနုစံ** (LL.B., D.BL.,D.I.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂–လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၀၁၆၂၀၈၀၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၇/၄)၊ လူနေရပ်ကွက်အမှတ်(ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ်(၁၅၉+၁၆၀+၁၆၁)၊ ဧရိယာ(၁.၁၅၅)ဧကထဲမှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်အမှတ်(၃)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၅၆ပေx ၅၅ပေ)၊ ဧရိယာ (၃၀၈၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၃)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့ မြေစာရင်းတွင် **ဦးကောင်းမြတ် [၁၂/ကမရ(နိုင်)၀၅၆၇၀၃]**အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးဝင်းမော်[၁၂/စခန(နိုင်)၀၄၆၉၀၆]**သည် **နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်ထားခိုင် (LL.B) (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်– ၅၆၈၇၅)**
**တိုက်အမှတ်(၅၀၃/စီ)၊ အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗိုလ်စိန်မှန်လမ်းထောင့်၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၂၀၁၂၉၉၈၊ ၀၉–၉၄၀၉၁၉၉၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၄)၊ လူနေရပ်ကွက်အမှတ်(ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ် (၁၅၉+ ၁၆၀+ ၁၆၁)၊ ဧရိယာ (၁.၁၅၅)ဧကထဲမှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်အမှတ် (၁၄)ဟုခေါ်တွင်သော လမ်းထောင့်နှင့်ကပ်လျက်အခြမ်း၊ မြေအကျယ်အဝန်း (၅၄ပေx ၅၆ပေ)၊ ဧရိယာ (၃၀၂၄)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၃)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကောင်းမြတ်[၁၂/ကမရ(နိုင်)၀၅၆၇၀၃]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးဝင်းမော် [၁၂/စခန (နိုင်) ၀၄၆၉၀၆]**သည် **နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်ထားခိုင် (LL.B) (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်– ၅၆၈၇၅)**
**တိုက်အမှတ်(၅၀၃/စီ)၊ အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗိုလ်စိန်မှန်လမ်းထောင့်၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၂၀၁၂၉၉၈၊ ၀၉–၉၄၀၉၁၉၉၉၉**

## “အများသိစေရန် ကြေညာချက်”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းစုလှိုင်[၇/ပခန(နိုင်)၄၈၈၅၆၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ သနပ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်– ၆၈၇၊ ကွင်းအမည် ဝါးရုံချောင်းအတွင်းရှိ ဦးပိုင်အမှတ်–၄၇/က၊ ဧရိယာ(၂.၄၄)ဧကနှင့် ဦးပိုင်အမှတ်–၄၇/ခ–၁မှ ပုံစံ(၇)ပါ ဧရိယာ(၂)ဧကအနက်မှ (၁)ဧက စုစုပေါင်း (၃.၄၄)ဧကကို အမှတ်(၂)လမ်းမမေးတင်မျက်နှာစာ ပေ(၃၈၀)သတ်မှတ်ကာ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ပုံစံ(၇)အမည်ပေါက် ဦးချစ်ကိုကိုအောင် [၁၂/ဒဂတ(နိုင်)၀၁၄၄၅၁]၊ (ဘ)ဦးမြင့်အောင်က တစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလျက် ရောင်းချရန်ကမ်းလှမ်းရာ ဒေါ်ယမင်းစုလှိုင်မှ သဘောတူညီသည့်အတွက် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်ဝက်နီးနီးအား ပေးချေထားပြီးဖြစ်သည်ကို ဦးချစ်ကိုကိုအောင်[၁၂/ဒဂတ(နိုင်)၁၁၄၄၅၁] (ဘ)ဦးမြင့်အောင်က ငွေလက်ခံရယူပြီးဖြစ်ပါသည်။

(၂၅–၂–၂၀၂၆)နေ့တွင် အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့် (၃.၄၄)ဧကအား လယ်ယာမြေ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် သဘောတူထားသော်လည်း နှစ်ဦးသဘောတူချုပ်ဆိုထားသည့် စာချုပ်အပိုဒ်(၈)ပါ ရောင်းသူက တာဝန်ယူထားသည့် အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်အား ယနေ့အထိ ထုတ်ယူနိုင်ခြင်းမရှိပါ။ အကြောင်းအရင်းမှာ ရောင်းချရန် သဘောတူထားသည့် အမှတ်(၂)လမ်းမ မျက်နှာဝပေ(၃၈၀)သတ်မှတ် ရောင်းချပေးရန်အတွက် ရောင်းသူဘက်မှ ဆောင်ရွက်ပေးရန် တာဝန်ကျရောက်နေပါသည်။

သို့ဖြစ်ပါ၍ ဝယ်သူမှ ရောင်းသူအနေဖြင့် မျက်နှာဝပေ(၃၈၀)အား သက်ဆိုင်ရာမြေတိုင်းစာရေးဖြင့် တရားဝင်တိုင်းတာ သတ်မှတ်ပြီးပါက ရောင်းသူအနေဖြင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်ထုတ်ပေးရန်၊ ရောင်းခွန်ထမ်းဆောင်ရန် လယ်ယာမြေမှတ်ပုံတင်စာချုပ်အား လက်မှတ်ရေးထိုးပေးရန်၊ ကတိအတိုင်းဆောင်ရွက်ပေးပါက ဝယ်သူအနေဖြင့် (၂၅–၂–၂၀၂၆)နေ့တွင် ကတိအတိုင်း ကျန်ငွေများကို ပေးချေမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

အကယ်၍ တစ်စုံတစ်ရာပျက်ကွက်ပါက ဥပဒေအတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ဆောင်ရွက်နေစဉ်အတောအတွင်း အထက်ပါ လယ်မြေ(၃.၄၄)ဧကအား မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ဌာနဆိုင်ရာသို့ လျှောက်ထားခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဒေါ်ယမင်းစုလှိုင်၏ နစ်နာမှုများအတွက် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်ဇော်မြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၅၀၉)**
**အမှတ်–၁၇၈၊ ဒု–ထပ်၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း(အောက်)၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ – ၅၄၁၂၇၅၂၊ ၀၉ – ၄၃၀၈၂၁၉၂၊ ၀၉ – ၉၇၅၅၅၇၇၄၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ် (၉၆၈)ဟုခေါ်တွင်သော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အရာခံဗိုလ်ထွန်းထွန်း[၁၂/မဂဒ(နိုင်)၀၁၁၈၈၁] အမည်ပေါက် မြေအကျယ်အဝန်း(အလျား ၄၀ x အနံ ၆၀)ပေရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့သည့်အတွက် ပြန်လည်ရောင်းချခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဦးသက်ပိုင်ဇော် [၁၂/ ဒဂတ(နိုင်) ၁၆၆၈၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာဝင်း[၉/မထလ(နိုင်)၂၁၀၈၉၉] က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အထက်ပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာလာဝင်း[၉/မထလ(နိုင်)၂၁၀၈၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းအိဇာ LL. B., D.B.L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၈၉၃၅၁၄၅၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်( ၃၈၇)၊ ဧရိယာ ၀.၀၂၈ ဧက၊ မြေကွက်တည်နေရာအမှတ်(၃၈၇)၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးမောင်အေး [၁၂/ကမရ(နိုင်) ၀၀၈၂၃၈] အမည်ပေါက် နှစ်( ၆၀ )မြေငှားဂရန်မြေအား မြေအမည်ပေါက်ဖခင်ဖြစ်သူ ဦးမောင်အေးသည် (၂၀–၂–၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်သန်းမြင့်သည် ( ၁၂–၈–၂၀၁၇ )ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးကျော်မင်းအေး [၁၂/ကမရ (နိုင်)၀၄၃၃၃၆] မှ ဖခင်ဦးမောင်အေးနှင့်မိခင် ဒေါ်ခင်သန်းမြင့်တို့သည် ဦးကျော်မင်းအေးနှင့် ဦးကျော်ဝင်းအေးတို့ ညီအစ်ကို(၂)ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ မိမိတို့ညီအစ်ကို (၂)ဦးမှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အခြားသော အမွေစား၊ အမွေခံကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း ညီအစ်ကို( ၂)ဦးအနက်မှ ညီဖြစ်သူ ဦးကျော်ဝင်းအေးသည် (၁၅–၇–၂၀၂၂)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါကြောင်း ၎င်းမကွယ်လွန်မီကလည်း ကိတ္တိမသားသမီးများ တစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်းမရှိပါကြောင်း မိမိတို့သည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ မြေအမည်ပေါက်သူ ဖခင် ဦးမောင်အေး မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာမျှ ရေးသားထားခဲ့ခြင်း မရှိပါကြောင်း သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်မင်းအေးကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း နှင့် မိမိမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကတိသစ္စာပြုလွှာ–၂၅၁၅/၂၀၂၅ (၂၂–၁၀–၂၀၂၅) ထောက်ခံကျမ်းကျိန်လွှာ( ၂ )စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်( ၆၀ )မြေငှားဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရလပ–၂၃၊ မြေကွက်အမှတ်–၁၄၄၀၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂၃)ရပ်ကွက်၊ ရွှေရတနာလမ်း၊ အမှတ်–၁၄၄၀ ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့**သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်စန်းစန်းဝေ [၁၂/အစန(နိုင်)၁၂၄၀၆၂]** အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။

အမည်ပေါက်သူ **ဒေါ်စန်းစန်းဝေ [၁၂/အစန(နိုင်)၁၂၄၀၆၂]** ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်အဆောက်အဦတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းမာလာညွန့်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၆၄၆၂/၁၃–၈–၁၉၉၇)**
**အမှတ်– ၈၅၊ မြေညီထပ်၊ ၃၇ –လမ်း၊ ၅–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၂၀၂၇၄၀၊ ၀၉–၅၁၅၆၅၁၄၊ ၀၉–၇၉၅၆၁၈၄၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ တိုးချဲ့၊ မြေကွက်အမှတ် ၂၈၊ မြေကွက်တည်နေရာ အမှတ် - ၂၈၊ အင်းကြင်းမြိုင်လမ်း၊ ၃၂၊ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒေါ်ခင်ဆွေမြင့် အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဆွေမြင့် (၁၂/မဂဒ (နိုင်) ၁၁၀၅၅၉) မှ မြေချပါမစ် ပျောက်ဆုံးဖြင့် လျှောက်ထားရယူခဲ့သည့်နှစ် (၆၀) မြေငှားစာချုပ် (ဂရန်)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ ပြည်ထောင်စုလမ်းမကြီး ဝဲ/ယာ ဖွံ့ဖြိုးရေး စီမံကိန်းရှိ တိုက်အမှတ်(၄)၊ အခန်းအမှတ် (၀၀၁) (မြေညီထပ်ဝဲ)၊ (၁၀၁) (ပထမထပ်ဝဲ)၊ (၂၀၁)(ဒုတိယထပ်ဝဲ) တို့ကို ရွှေဘုရင်ဆောက်လုပ်ရေးထံမှ ဝယ်ယူထားသူ ဒေါ်စုစုကြည်[၁၃/ပလတ(နိုင်)၀၁၂၂၅၈] နှင့် ဒေါ်ခင်ရီ[၁၃/လလန(နိုင်)၀၇၃၉၀၂] တို့ထံမှ ပြန်လည်ဝယ်ယူထားကြောင်း အထောက်အထားများ တင်ပြ၍ ဦးဝင်းလွင်ဦး [၇/ညလပ(နိုင်)၁၀၄၂၂၈]က ၎င်းအမည်ဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ကွင်းအမှတ်(၉၈၈–က)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၂/က)၊ ဦးသိန်းတန် အမည်ပေါက် (၅.၀၃)ဧကအနက်မှ (၀.၁၆၅)ဧက (ပေအားဖြင့် ၁၂၀x၆၀ပေ)ရှိသည့် ခြံမြေကွက်အား မူလအမည်ပေါက် ဦးသိန်းတန်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်ဝင်းဝင်းအိ (ဘ)ဦးစန်းဝေ [၁၄/မအပ(နိုင်) ၂၇၉၂၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်လင်း (ဘ)ဦးကျော်စွာမြင့် [၁၂/လကန(နိုင်)၂၅၀၃၂၀]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်လင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ချစ်သဲစု (LL.M) အထက်တန်းရှေ့နေ(စဉ်–၅၆၄၈၂)**
**အမှတ်(၈၄)၊ အရှေ့မင်းလမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။**
**၀၉–၉၁၂၂၃၄၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈သမိုင်း)၊ မြေကွက်အမှတ်( ၃၆/က–၉ )၊ ဧရိယာ ၀.၁၁၄ ဧက၊ မြေကွက်တည်နေရာအမှတ်( ၆ )၊ ပိတောက်ရိပ်သာလမ်း၊ ( ၃ )ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးမောင်အေး [၁၂/ကမရ (နိုင်) ၀၀၈၂၃၈] အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေဝန်ခံချက်ထုတ်ပေး )မြေအား မြေအမည်ပေါက်ဖြစ်သူ ဖခင် ဦးမောင်အေးသည် ( ၂၀ – ၂ – ၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်သန်းမြင့်သည် ( ၁၂ – ၈ – ၂၀၁၇ )ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးကျော်မင်းအေး [၁၂/ ကမရ (နိုင်) ၀၄၃၃၃၆]မှ ဖခင် ဦးမောင်အေး နှင့် မိခင် ဒေါ်ခင်သန်းမြင့်တို့သည် ဦးကျော်မင်းအေး နှင့် ဦးကျော်ဝင်းအေးတို့ ညီအစ်ကို( ၂ )ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ မိမိတို့ညီအစ်ကို ( ၂ )ဦးမှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အခြားသော အမွေစား အမွေခံကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း ညီအစ်ကို( ၂)ဦး အနက်မှ ညီဖြစ်သူ ဦးကျော်ဝင်းအေးသည် ( ၁၅–၇– ၂၀၂၂ )ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါကြောင်း၊ ၎င်းမကွယ်လွန်မီကလည်း ကိတ္တိမသားသမီးများ တစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်း မရှိပါကြောင်း၊ မိမိတို့သည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ မြေအမည်ပေါက်သူ ဖခင်ဦးမောင်အေး မကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာမျှ ရေးသားထားခဲ့ခြင်း မရှိပါကြောင်း သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်မင်းအေး ကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် မိမိမှလွဲ၍အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကတိသစ္စာပြုလွှာ–၂၅၂၄/၂၀၂၅ (၂၂–၁၀–၂၀၂၅) ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်( ၆၀ )မြေငှားဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျ(၁၀)လမ်း၊ အမှတ်(၁၁၈၀/က)တွင် တည်ရှိသော **Sont Oo Tehtwin Microfinance Co., Ltd** (အသေးစား ငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ်–၀၃၃၇/၂၀၂၁) ၏ တာဝန်ရှိသူပြောင်းလဲခြင်းအား အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

| အမှတ်စဉ် | ယခင်တာဝန်ရှိသူ၏ အမည်နှင့်ရာထူး | ယခုပြောင်းလဲခန့်အပ်သည့် အမည်နှင့်ရာထူး |
|---|---|---|
| ၁။ | ဒေါ်စန္ဒာကျော် (Chief Executive Officer) | ဦးအောင်စည်ဘုန်းနိုင် (Executive Director) |

**Sont Oo Tehtwin Microfinance Co., Ltd**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း(၁)လမ်း ရှိ အကျယ်အဝန်းပေ(၄၂x၇၀)ပေရှိ ရွာမြေနှင့် **ယုဇန(YUZANA)**သောက်ရေသန့်လုပ်ငန်း၏ (FDA)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမြင့်ခိုင်[၁၄/ဓနဖ(နိုင်)၀၀၆၀၃၇]နှင့် ဦးနန်းဝင်း[၁၄/ဓနဖ(နိုင်)၁၀၄၄၈၇]တို့နှစ်ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စမ်းလှိုင်[၁၂/ကမတ(နိုင်)၀၈၃၂၅၅]သည် ဝယ်ယူရန်အတွက် (၇–၂–၂၀၂၆)ရက်နေ့တွင် အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စမ်းလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်အောင် (LL.M)** | **ဒေါ်အိဖြူဇင်ခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)** |

**အမှတ်–၃၃၅၊ မာန်ပြေ(၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၃၃၀၇၁၅၅၊ ၀၉–၄၅၄၈၃၉၂၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်–၂၉/ခ ဦးပိုင်အမှတ်–၁၆/က၊ အကွက်အမှတ်–၂၆၊ ကျိုက်ဇောဓိမြောက်၊ အကျယ်အဝန်း (၄၀x၉၀)ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ (၁)ထပ်တိုက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဒေါ်လှတင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်အေးအေးမြင့် [၁၂/ကတတ(နိုင်)၀၁၀၁၅၀]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၈၅)**
**အမှတ် (၅၅) တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၆၅၄၉၉၂၅၊ ၀၉–၇၇၇၅၀၅၇၃၇**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၈၆–ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် – ၂၈၆ ဟုခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၆၊ မြေကွက်အမှတ်–၂၈၆၊ အကျယ်(၄၀'x ၆၀')၊ မြေအမျိုးအစား–နှစ်(၆၀) မြေငှားဂရန် မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် **ဒေါ်လီးရွှင်အိုက်** [၁၃/မဆတ(နိုင်)၀၃၀၇၇၁] ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် **ဦးဇင်မော်အောင်မြင့် (ခ)ဦးဖိုးဇင်** [၁၂/ဒဂဆ(နိုင်)၀၀၅၉၁၅] မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B, D.B.L, D.M.L)** | **ဦးဟန်လင်းအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၈)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၆၆၈)** |

**အမှတ်(၇၅၁)၊ (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း–၀၉–၈၈၆၆၉၅၉၆၆၊ ဖုန်း–၀၉–၄၂၄၁၆၈၉၈၉၊ ၀၉–၉၇၂၁၂၈၂၁၅**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂–ရပ်ကွက်၊ ဦးကြင်ဥလမ်း၊ အမှတ် –၈၃၀ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂၊ မြေကွက်အမှတ် – ၈၃၀၊ အကျယ် ( ၄၀'x ၆၀')၊ မြေအမျိုးအစား–နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် **ဦးကျော်ညီမ်း** [၁၂/ဥကမ(နိုင်) ၀၆၄၅၈၁] (OPO–၀၀၅၈၄၇) မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးစိုးလှိုင်ဝင်း ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၈)** | **အထက်တန်းရှေ့နေ ( စဉ် – ၅၃၆၃၇ )** |

**အမှတ် –၇၅၁(ပ–ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း– ၀၉– ၈၈၆၆၉၅၉၆၆၊ ဖုန်း – ၀၉– ၄၂၄၁၆၈၉၈၉၊ ၀၉–၇၉၁၄၄၈၆၅၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၄ – ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်– ၅၃၄ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၄၊ မြေကွက်အမှတ် – ၅၃၄၊ အကျယ် (၄၀'x၆၀') အနက် တရားဝင် မခွဲစိတ်ရသေးသောမြေ၏ (မြေကွက်အမှတ်–၅၃၆နှင့် ကပ်လျက်အခြမ်း)၊ အကျယ် (၂၀' x ၆၀')၊ မြေအမျိုးအစား – ပါမစ်မြေနှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်သန်းသန်း (DDE – ၀၀၀၉၈၈) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အေးငြိမ်းမိုး [၁၂/လမန(နိုင်) ၁၆၁၃၉၅]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B, D.B.L, D.M.L)** | **ဦးဟန်လင်းအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၈)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၆၆၈)** |

**အမှတ်(၇၅၁)၊ (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း–၀၉–၈၈၆၆၉၅၉၆၆**

❖ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ဂျပန်နိုင်ငံသို့ အေးခဲထားသော ပနားမီးပုစွန်ဖြူများတင်ပို့ရန် ထုပ်ပိုးပြင်ဆင်နေစဉ်။

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် ရေငန်ပုစွန်တင်ပို့မှု တိုးမြှင့်တင်ပို့နိုင်မည်ဟု ခန့်မှန်းထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်က ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၃ ဒသမ ၆၂၈ သန်း ရရှိခဲ့ပြီး ရေငန်ပုစွန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅၆၂ သန်းရရှိခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရေငန်ပုစွန်တင်ပို့မှု တိုးမြှင့်တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်းအတိုင်းအတာဖြင့် ရေထွက်ကုန် အမေရိကန်ဒေါ်လာ ၇၂၅ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး ရေထွက်ပစ္စည်းကုန်ကြမ်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၃၀၃ ဒသမ ၆၂၈ သန်း တင်ပို့နိုင်ခဲ့ကာ အဆိုပါ ရေထွက်ကုန်များအား ကုန်ချောအဖြစ်တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် ရေလုပ်ငန်းရှင်တို့ အကျိုးအမြတ် ပိုမိုရရှိလာသည်ဟု ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈ တွင် ဖော်ပြထားပါသည်။

# MNL ပွဲစဉ် ၁၆ ပွဲကျန်တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ရပြီး ပွဲစဉ် ၁၇ ဒုတိယနေ့တွင် ရန်ကုန်ယူနိုက်တက်အသင်း နောက်ကျဂိုးဖြင့် အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၆ ပွဲကျန်နှင့် ပွဲစဉ် ၁၇ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့် ပွဲစဉ် ၁၆ ပွဲကျန်တွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲကို ရှမ်းယူနိုက်တက်အသင်း၏ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲများကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲကျန်တွင် အမှားအယွင်းမရှိ နိုင်ပွဲရယူပြီး ထိပ်ဆုံးနေရာအတွက် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဆက်လက်အားပြိုင်လျက်ရှိသည်။ စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ✪



ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ယနေ့ ဖတ်စရာ


ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) ဖွင့်လှစ် — စာမျက်နှာ » ၈

အေးငြိမ်းချမ်းသာဂီလာနဘိုးဘွားရိပ်သာ၊ ပျဉ်းမနားဘိုးဘွားရိပ်သာ၊ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာတို့မှ သက်ကြီးပုဂ္ဂိုလ်များအား ချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ် — စာမျက်နှာ » ၁၁

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၂-၂-၂၀၂၆ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် — စာမျက်နှာ » ၁၂

တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ — စာမျက်နှာ » ၁၄